# မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အရေးဆိုတင်ပြဆွေးနွေးခြင်း

## လမ်းညွှန်

မသန်စွမ်းသူများ လက်လှမ်းမီပါဝင်မှု မြှင့်တင်ရေးဆိုင်ရာ

အထွေထွေရွေးကောက်ပွဲကွန်ရက် (AGENDA)

က

မူလရေးသားပြုစုပြီး

**မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(မီလီ)**

မှ

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ နှင့်ဆီလျော်ကိုက် ညီအောင်

ပထမဦးဆုံး မြန်မာမှုပြု၍ စီစဉ်ထုတ်ဝေသည်။

## ဥပဒေရေးဆွဲသ

ဒီမိုကရေစီနိုင်ငံတော်သစ်ကို စတင်တည်ထောင်နေသည့်မြန်မာနိုင်ငံ၏မျက်မှောက်ကာလတွင် နိုင်ငံနှင့် အဝန်း စိတ်ပိုင်းရော ရုပ်ပိုင်းပါ ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်၊ အဆိုပါ ဖွံ့ဖြိုးတိုးတက်ရေး ရေစီးကြောင်းတွင် နိုင်ငံသားတိုင်း အတူတကွ စီးမျောလိုက်ပါနိုင်ခွင့်ရရှိရေးအတွက် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြမှသာ ကျွန်ုပ်တို့မျှော်မှန်းသည့် "အားလုံးအတွက်အခွင့်အရေးတန်းတူညီမျှရရှိသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေး" ဟူသော ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ပေသည်။ ဤခရီးပန်းတိုင်သို့ တူညီစွာလျှောက်လှမ်း ရောက်ရှိနိုင်ရေးအတွက် လူ့အဖွဲ့အစည်း၏ ကြီးမားသည့်အစိတ်အပိုင်းတစ်ခု ဖြစ်သည့် မသန်စွမ်းသူများ နောက်ကျမကျန်ရစ်စေရန် မသန်စွမ်းအဖွဲ့အစည်း အသီးသီးနှင့်အတူ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်း(CSO)များ၊ မသန်စွမ်းမှုရေးရာများနှင့် ပါဝင်ပတ်သက်သူများ (သို့) အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုအားသည် မရှိမဖြစ် အရေးပါလှပါသည်၊ အဆိုပါ ပါဝင်ပတ်သက်သူများ၏ ပံ့ပိုးကူညီမှုများအပြည့်အဝ ရရှိနိုင်ရေးအတွက် မိမိတို့ လိုလားတောင့်တသည့်အချက်များကို အထောက်အထားခိုင်လုံစွာနည်းစနစ်ကျကျ အရေးဆိုတင်ပြဆွေးနွေးပေးနိုင်ရန် အထူးလိုအပ်ပါသည်။ သို့ဖြစ်ပါ၍ မသန်စွမ်းအဖွဲ့အစည်းများနှင့် မသန်စွမ်းအရေးစိတ်ပါဝင်စားသော အဖွဲ့အစည်းများအနေဖြင့် မသန်စွမ်းသူတို့၏ အခွင့်အရေးများကို အသိပညာပေးကြချိန်တွင် တွေ့ကြုံနေရသောအတားအဆီးများနှင့် စိန်ခေါ်မှုများကို သိရှိနားလည်ရန်လည်းကောင်း၊ဖြေရှင်းနည်းဆိုင်ရာ အကြံဉာဏ်များပေးအပ်နိုင်ရန်လည်းကောင်း မိမိနိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသော အထောက်အကူပြုလမ်းညွှန်တစ်ခု မရှိမဖြစ်လိုအပ်နေကြောင်းတွေ့ရှိရပါသည်။ ထို့အတွက်ဤစာအုပ်ကို ရေးသားပြုစုထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။ဤစာအုပ်သည် သင်နှင့် သင့်အဖွဲ့အစည်း၏ အသိပညာပေးခြင်းနှင့် အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူချောမွေ့ ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်၊

နိဂုံးချုပ်အားဖြင့်ဤစာအုပ်ဖြစ်မြောက်ရေးအတွက်နည်းပညာအကူအညီနှင့်ဘဏ္ဍာရေးအကူအညီများပံ့ပိုးပေးပါသော "မသန်စွမ်းသူများ လက်လှမ်းမီပါဝင်မှုမြှင့်တင်ရေးဆိုင်ရာ အထွေထွေရွေးကောက်ပွဲကွန်ရက် (AGENDA)" နှင့် "ရွေးကောက်ပွဲစနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း(IFES)" တို့ကိုလည်းကောင်း၊ စာအုပ်အချောသတ်နိုင်ရေးအတွက်ဝိုင်းဝန်းအကြံပြုဖြည့်စွက်ပြင်ဆင်ပေးကြသော မိတ်ဖက် မသန်စွမ်းအဖွဲ့အစည်းအသီးသီးက တာဝန်ရှိသူများကိုလည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် အင်တိုက်အားတိုက် ကြိုးစားပေးခဲ့ကြသောမီလီ စီမံချက်ဝန်ထမ်းများအားလုံးကိုလည်းကောင်း **မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့** က အထူးပင်ကျေးဇူးတင်ရှိပါကြောင်းမှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ယုယသူ**

**အမှုဆောင်အရာရှိချုပ်**

**မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့**

## AGENDA ဆိုသည်မှာ

**မသန်စွမ်းသူများလက်လှမ်းမီပါဝင်မှုမြှင့်တင်ရေးဆိုင်ရာ အထွေထွေရွေးကောက်ပွဲကွန်ရက်(AGENDA)** သည် အာဆီယံအဖွဲ့ဝင် (၅) နိုင်ငံရှိ မသန်စွမ်းအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် ကွန်ရက်ချိတ်ဆက် ပါဝင်ဖွဲ့စည်းထားသော မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့်မဲပေးခွင့်ဆိုင်ရာ အခွင့်အရေးများတိုးတက်ရရှိလာရေး အဓိကရည်မှန်းဆောင်ရွက်နေသည့် အင်ဒိုနီးရှားအခြေစိုက်မဟာမိတ်ညွန့်ပေါင်း အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အဆိုပါရည်မှန်းချက် ပန်းတိုင် ရောက်ရှိရေးအတွက် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများရှိ မသန်စွမ်းအဖွဲ့ အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့ အစည်းများသည် ရွေးကောက်ပွဲစနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း တစ်ခုဖြစ်သည့် (IFES)နှင့် လက်တွဲပူးပေါင်း၍ မသန်စွမ်းသူများ နိုင်ငံရေး ပါဝင်ဆောင်ရွက်မှုအပေါ် သုတေသန လေ့လာမှုများပြုလုပ်ခြင်း၊ အရေးဆိုတင်ပြမှုများတွင်ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊ အားလုံးပါဝင်နိုင်သော ရွေးကောက်ပွဲများ ဖြစ်/မဖြစ် လေ့လာစောင့်ကြည့်ခြင်းများနှင့် ဒေသတွင်းနိုင်ငံများအကြား ဆွေးနွေးမှုဒိုင်ယာလော့များ ဖြစ်ပေါ်လာရေး တိုက်တွန်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။

ယခုအခါ AGENDA မိတ်ဖက်အဖွဲ့ များသည် ဒေသတွင်းရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်လာနိုင်ရေးနှင့် အာဆီယံလူ့အခွင့်အရေးအစီအစဉ်တွင် မသန်စွမ်းသူများ အခွင့်အရေး ထင်ရှားစွာပါဝင်လာရေးတို့အတွက် အမြင်ဖွင့် အသိပညာပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ AGENDA ကို အရှေ့တောင်အာရှ ဒေသတွင်းကွန်ရက်အဖြစ် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာ၌ ကျင်းပခဲ့သော (၂၃) ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးက အသိအမှတ်ပြုပေးခဲ့သည်။ အသေးစိတ်ထပ်မံလေ့လာလိုပါက www.agendaaisa.org ဝက်ဘ်ဆိုက်တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ)ဆိုသည်မှာ-

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ)သည် မသန်စွမ်းသူများ အခွင့်အရေးတန်းတူညီမျှ ရရှိရေး၊ ကိုယ်တိုင်ဆုံးဖြတ် ဘဝရပ်တည်နိုင်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း အများနည်းတူ ဝင်ဆံ့လာနိုင်ရေးအတွက် ရည်မှန်းချက်ထားကာ ဆောင်ရွက်နေသော မသန်စွမ်းသူများ ကိုယ်တိုင် ဦးဆောင်သည့် မသန်စွမ်းအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်မှ စတင်၍ အဓိက မဏ္ဍိုင်သုံးခု ချမှတ်၍ မသန်စွမ်းသူများအကျိုးပြုလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် လုပ်ဆောင်လျက်ရှိပါသည်။ ၎င်းတို့မှာ ၁) ဖွံ့ဖြိုးရေး ၂) လူမှု စီးပွားရေးနှင့် ၃) နိုင်ငံရေး ကဏ္ဍတို့ဖြစ်ပါသည်။ အဖွဲ့၏ ရုံးချုပ်သည် ရန်ကုန်မြို့တွင် တည်ရှိပြီး နိုင်ငံတစ်ဝန်းတွင်နယ်ရုံးခွဲ စုစုပေါင်း (၂၉) ရုံး၊ မသန်စွမ်းသူ အင်အား (၃၆၅၈) ဦးဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၁)ခုတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ အဖွဲ့တွင် မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်၊ စွမ်းဆောင်ရည်မြင့်မားရေး၊ အနုပညာနှင့် အားကစား၊ အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင် ဖော်ဆောင်ရေး၊ မသန်စွမ်း အခွင့်အရေးအရပ်ရပ်တို့အတွက် အရေးဆို တင်ပြဆွေးနွေးခြင်းများနှင့် အကာအကွယ်ပေးသည့် ဥပဒေ မူဝါဒများ ပေါ်ပေါက်လာရေးတို့ကို ဦးတည်ဆောင်ရွက်နေပါသည်။ နိုင်ငံရေးနှင့် ရွေးကောက်ပွဲနယ်ပယ် တွင်ပါဝင်ဆောင်ရွက်မှုကိုမူ ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်တာဝန်ယူသော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ သည့် ၂၀၁၂ခုနှစ်သမိုင်းဝင် ကြားဖြတ်ရွေးကောက်ပွဲတွင် စတင်ပါဝင်ခဲ့သည်။

**မာတိကာ**

**နိဒါန်း............................................................................................................. ၁**

## **မြန်မာနိုင်ငံမသန်စွမ်းသူများ၏ နောက်ခံအခြေအနေ ...........................၂-၃**

**အခန်း( ၁ ) အရေးဆိုတင်ပြဆွေးနွေးခြင်းနှင့် အားလုံးအကျုံးဝင် နိုင်ငံရေးဖြစ်စဉ်များတွင်ပါဝင်ခြင်း ...........................................................................................................၄**

၁.၁.ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်နိုင်မှု အခြေအနေ...............................၄

၁.၂ မြန်မာနိုင်ငံ၏ အခြေခံဥပဒေ၊ ရွေးကောက်ပွဲ ဥပဒေ နှင့် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ အကြောင်း...........................................................................................................၆

၁.၃ မြန်မာနိုင်ငံက လက်မှတ်ထိုးထားသော နိုင်ငံတကာ ဥပဒေများ အကြောင်း................................၇

၁.၄ အရပ်ဘက် လူမှုအသိုင်းအဝိုင်း၊ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့်မသန်စွမ်း အခွင့်အရေးများ..၈

၁.၄.၁ ပိုမိုအကျုံးဝင်မှု ရှိလာစေရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များအနေဖြင့် မည်သည့်အရာများကို လုပ်ဆောင်နိုင်ပါသနည်း.......................................................................................၉

၁.၄.၂ ပိုမိုကျယ်ပြန့်သော အရပ်ဘက်လူမှုအသိုင်းအဝိုင်းဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် မသန်စွမ်းအဖွဲ့အစည်း (DPO) များအနေဖြင့် မည်သည့်အရာများကို လုပ်ဆောင်နိုင်ပါသနည်း.....................................................................................................၁၀

**အခန်း (၂) အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုသည်မှာ အဘယ်နည်း. ................................ ၁၁**

အဓိပ္ပာယ်ဖွင့်ဆိုချက်.....................................................................................................၁၁

၂.၁ အဖွဲ့အစည်းတွင်းနှင့်အဖွဲ့အစည်းပြင်ပ ပတ်ဝန်းကျင်အခြေအနေကို လေ့လာဆန်းစစ်ခြင်း- "SWOT လေ့လာဆန်းစစ်နည်း..........................................................................................................၁၃

၂.၁.၁ SWOT လေ့လာဆန်းစစ်မှုတစ်ခုကို လုပ်ဆောင်ခြင်း.....................................................၁၃

၂.၂ အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ ဦးတည်ချက်ပန်းတိုင်များ ဖန်တီးခြင်း...................................၁၅

၂.၂.၁ ဦးတည်ချက်ပန်းတိုင်များ ချမှတ်ခြင်း.............................................................................၁၆

၂.၂.၂ ဦးတည်ချက်ပန်းတိုင်များကို ဦးစားပေးသတ်မှတ်ဆောင်ရွက်ခြင်း.............................................၁၇

၂.၃ မဟာဗျူဟာမြောက် အစီအစဉ်အတွက် "S.M.A.R.T" ချဉ်းကပ်နည်း .......................................၁၉

၂.၃.၁ လွယ်လင့်တကူ လက်လှမ်းမီရယူသုံးစွဲနိုင်သော အများပြည်သူသုံးဝန်ဆောင်မှုများ လှုပ်ရှားဆောင်ရွက်မှု၏ "S.M.A.R.T"လေ့လာဆန်းစစ်မှု.........................................................................၂၁

၂.၄ ပါဝင်ပတ်သက်သူများကို လေ့လာသုံးသပ်ခြင်း.......................................................၂၃

၂.၄.၁ ပါဝင်ပတ်သက်သူများ၏ လုပ်ကိုင်နိုင်ခွင့် အခန်းကဏ္ဍကို လေ့လာသုံးသပ်ခြင်း...............၂၄

**အခန်း( ၃) အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ နည်းလမ်းအဖြာဖြာ ...................................၂၅**

၃.၁ အစိုးရတာဝန်ရှိသူများနှင့် ဆက်သွယ်ချိတ်ဆက်ခြင်း......................................................၂၅-၂၆

၃.၂ မီဒီယာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း.........................................................................၃၅

၃.၂.၁ သတင်းထုတ်ပြန်ခြင်း.........................................................................................၃၅-၃၆

၃.၂.၂ အယ်ဒီတာ့ထံပေးစာ.........................................................................................၃၉

၃.၂.၃ ကြားဖြတ်သတင်းတိုများ- "newsflash" နှင့် ဥပဒေဆိုင်ရာ အရေးကြီးအသိပေးချက်များ- "legislative alerts...........................................................................................................၃၉

၃.၂.၄ Website များ၊ blog များ၊ လူမှုကွန်ရက်များ ..........................................................၄၀

၃.၃ သင့်အဖွဲ့အစည်းတွင်း၊ အခြားသော မသန်စွမ်းအဖွဲ့အစည်းများ၊ မိတ်ဖက် အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် ဆက်သွယ်ချိတ်ဆက်ခြင်း' ...............................................................၄၀

၃.၃.၁ သတင်းအချက်အလက်များ စုစည်းပေးအပ်မှု...........................................................၄၀

၃.၃.၂ နှစ်ပတ်လည်အစီရင်ခံစာ ......................................................................................၄၁

၃.၃.၃ ညီလာခံများ.....................................................................................................၄၁

၃.၃.၄ ပိုမိုကျယ်ပြန့်သော အရပ်ဘက်လူမှုဆိုင်ရာ လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ခြင်း................၄၁-၄၂

၃.၄ စီးပွားရေးလုပ်ငန်းရှင်များကို အရေးဆိုတင်ပြဆွေးနွေးခြင်း ..................................................၄၂

၃.၅ သုတေသနပြုလုပ်ခြင်း နှင့် သုတေသန စာတမ်းအချက်အလက်များကို လေ့လာထားခြင်း ...........၄၃

၃.၆ အခြားနည်းလမ်းများ ...........................................................................................၄၃-၄၄

၃.၆.၁ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့က ဆောင်ရွက်ခဲ့သည့် နမူနာပုံစံ.........................၄၄

**နိဂုံး ........................................................................................................ ၄၅**

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ၏အရေးဆိုတင်ပြခြင်းဆိုင်ရာ ဓာတ်ပုံမှတ်တမ်းများ....၄၆-၅၀

နောက်ဆက်တွဲ (၁) ဆက်သွယ်ချိတ်ဆက်မှုပြုလုပ်နိုင်သည့် အဖွဲ့ အစည်းများ ..............................၅၁-၅၈

နောက်ဆက်တွဲ (၂) မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ၏ အရေးဆိုတင်ပြမှုဆိုင်ရာအတွေ့ အကြုံ များ..........................................................................................................၅၉-၆၂

## နိဒါန်း

အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဆယ်စုနှစ်ပေါင်းများစွာကြာအောင် အရေးဆိုတင်ပြဆွေးနွေး မှုကြိုးပမ်းချက်များနှင့် လူမှုရေးအသင်းအဖွဲ့များ၏ပူးပေါင်းပံ့ပိုးမှုများကြောင့် ကမ္ဘာတစ်ဝန်းတွင် မသန်စွမ်း သူ အခွင့်အရေးလှုပ်ရှားမှုများ စတင်ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုလှုပ်ရှားမှုများ၏ စဉ်ဆက်မပြတ် အောင်မြင် မှုများအတွက် မသန်စွမ်းသူများ၏အသံများကို လူမှုအသိုက်အဝန်းအတွင်းထိ ရောက်နိုင်ရန် အလို့ငှာ အခွင့်အရေးဆိုင်ရာ အရေးဆိုတင်ပြခြင်းများကို ကြိုတင်ပြင်ဆင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါသည်။

မသန်စွမ်းအဖွဲ့အစည်းများက အစိုးရအဖွဲ့နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများထံ ၎င်းတို့၏အခွင့် အရေးများအတွက် အရေးဆိုတင်ပြမှုများပြုလုပ်နိုင်ရန်အလို့ငှာ ၂၀၀၆ ခုနှစ် က စတင် ပြဋ္ဌာန်းပြီး အာဆီယံ နိုင်ငံ(၁၀)နိုင်ငံလုံးက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သောကုလသမဂ္ဂမသန်စွမ်းသူအခွင့်အရေးများဆိုင် ရာ သဘောတူစာချုပ် (UNCRPD) နှင့်အတူ အခြားသော နိုင်ငံတကာ သဘောတူပြဋ္ဌာန်းချက်များနှင့် ပြည်တွင်း ဥပဒေများကို အသုံးပြုနိုင်ပါသည်။

## ဘာ့ကြောင့်ဒီလမ်းညွှန်ကို အသုံးပြုသင့်တာလဲ

ဤစာအုပ်သည်မသန်စွမ်းအဖွဲ့အစည်းများအတွက် အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ အခြေခံသတင်း အချက်အလက်များကို ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် ဤလမ်းညွှန်ပါ အချက်အလက် များမှတစ်ဆင့် မိမိတို့အဖွဲ့၏ အရေးဆိုတင်ပြမှုဆိုင်ရာ ပန်းတိုင်များဖြစ်သော ကျန်းမာရေး၊ပညာရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် ပါဝင်ဆောင်ရွက်ခြင်းကဲ့သို့သော နယ်ပယ်ကဏ္ဍများတွင် ဆင့်ပွားအသုံးချနိုင်မည် ဖြစ်ပါသည်။

## ဤစာအုပ်မှတစ်ဆင့် မျှော်မှန်းထားသော အကျိုးရလဒ်များ

ဤလမ်းညွှန်စာအုပ်ကို အသုံးပြုသော အဖွဲ့အစည်းများအနေဖြင့် အောက်ပါအကျိုးကျေးဇူးများကို ရရှိနိုင်ပါ သည် -

- အရေးဆို တင်ပြဆွေးနွေးမှုဆိုင်ရာနယ်ပယ်ဝန်းကျင်နှင့် မိမိတို့အဖွဲ့အစည်း၏ စွမ်းရည်တို့ကို ခွဲခြမ်း စိတ်ဖြာနိုင်ခြင်း။
- အရေးဆို တင်ပြဆွေးနွေးမှုဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ပြင်ဆင်နိုင်ခြင်း။
- အစိုးရတာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်လာနိုင်ခြင်း။
- အရေးဆိုတင်ပြဆွေးနွေးလှုပ်ရှားမှုများ တိုးတက်လာစေရန်အတွက် သတင်းမီဒီယာ အရင်းအမြစ် များကို အသုံးပြုတတ်လာခြင်း။

- အခြားသော မသန်စွမ်းသူအခွင့်အရေးအခြေပြု အဖွဲ့အစည်းများနှင့် ပိုမိုကျယ်ပြန့်သော အရပ်ဘက် လူမှုဝန်းကျင် လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်လာနိုင်ခြင်း။

## ဤလမ်းညွှန်စာအုပ်ကို မည်သူတို့ အသုံးပြုနိုင်ပါသနည်း။

မသန်စွမ်းအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို အရေးဆိုတင်ပြရာတွင် တွေ့ကြုံရသော အတားအဆီးများနှင့် စိန်ခေါ်မှုများကို သိရှိနားလည်ရန်နှင့် ထိုအတားအဆီးများကို ကျော်လွှားဖြေရှင်းခြင်း ဆိုင်ရာ အကြံဉာဏ်များပေးနိုင်ရန်ဤလမ်းညွှန်စာအုပ်ကို စီစဉ်ပြုစုထားပါသည်။ မသန်စွမ်းသူများအကျုံးဝင် ရွေးကောက်ပွဲများ ဖြစ်ပေါ်လာစေရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များအနေဖြင့်လည်း ဤလမ်းညွှန်စာအုပ်ကို အသုံးပြုနိုင်ပါသည်။

ဤလမ်းညွှန်ပါ အကြောင်းအရာများတွင် "နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်း" ဆိုင်ရာအရေးဆို တင်ပြခြင်း နှင့် ခေါင်းဆောင်များအနေဖြင့်လည်း စာအုပ်ပါအကြောင်းအရာများမှတစ်ဆင့် မိမိတို့၏ အရေးဆိုတင်ပြ ဆွေးနွေးခြင်းဆိုင်ရာ ရည်မှန်းချက်များ ရရှိအောင်မြင်နိုင်ကြောင်းကို နားလည် သဘောပေါက်စေမှု တို့ကို အလေးပေးဖော်ပြထားသည်။

## လမ်းညွှန်စာအုပ်ကို ဘယ်လိုအသုံးချနိုင်မလဲ

"မသန်စွမ်းသူအခွင့်အရေးများ အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ လမ်းညွှန်စာအုပ်"တွင် အခန်းများခွဲ၍ တင်ပြထားပြီး နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ အရေးကြီးပုံ၊အရေးဆို တင်ပြဆွေးနွေးခြင်းကို ပိုမိုနားလည် သဘောပေါက်စေရန် ဆွေးနွေးခြင်းနှင့် အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ ရည်မှန်းချက်များအမှန် တကယ်ရရှိလာအောင် ဆန်းစစ်လေ့လာခြင်းများပါဝင်ပါသည်။ စာအုပ်တွင်ပါဝင်သော နားလည်ရလွယ် ကူသော အဆင့်ဆင့်ချဉ်းကပ်ပုံ နည်းလမ်းများမှတစ်ဆင့် မသန်စွမ်းအဖွဲ့အစည်းများအနေဖြင့် လိုအပ်သလို ပြုပြင်ပြောင်းလဲနိုင်ပြီး အလွယ်တကူ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်သော လမ်းညွှန်ချက် များကို ရရှိမည်ဖြစ်သည်။

ဤလမ်းညွှန်စာအုပ်သည် "နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်း" ဆိုင်ရာ အရေးဆို တင်ပြဆွေးနွေးခြင်း နည်းလမ်းများသာမက မိမိတို့အဖွဲ့အစည်း၏ အခြားအရေးဆို တင်ပြဆွေးနွေးမှုများအတွက် ပထမခြေလှမ်း လည်း ဖြစ်နိုင်ပါသည်။

## မြန်မာနိုင်ငံရှိ မသန်စွမ်းများ၏ နောက်ခံ အခြေအနေ

မြန်မာနိုင်ငံသည် လူဦးရေ ၅၁သန်းကျော်ရှိသောဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ပြီးနိုင်ငံအတွင်းဆင်းရဲနွမ်းပါး မှုရာခိုင်နှုန်းမြင့်မားသော်လည်း အရှေ့တောင်အာရှတွင်လူမှုရေးနှင့် လူမှုဖူလုံရေးအတွက် နိုင်ငံတော်အစိုးရ ၏ဘက်ဂျက်သုံးစွဲမှုအနည်းဆုံးနိုင်ငံများတွင် ပါဝင်နေပါသည်။ မြန်မာနိုင်ငံ၏လူမှုဝန်ထမ်းလုပ်ငန်းများ အတွက်သုံးစွဲနေသော လက်ရှိဘက်ဂျက်သည် ၁ ဒသမ ၃၅ ရာခိုင်နှုန်းခန့်သာ ရှိပြီး အိမ်နီးချင်းနိုင်ငံများ နှင့်ယှဉ်လျှင်နည်းပါးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုနည်းတူ နိုင်ငံသားများ၏ လူနေမှု

အဆင့်အတန်းအနိမ့်ပါးဆုံးနှင့် ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံး နိုင်ငံများစာရင်းတွင် ပါဝင်နေပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ( World Health Organization_WHO)၏ ခန့်မှန်းချက်အရ ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းမှာ မသန်စွမ်းသူများဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်၊ ၄င်းတို့ထဲမှ အားနည်းချို့ယွင်းမှု အရှိဆုံးနှင့် ဘေးဖယ်ခြင်းခံရသော ဆင်းရဲသားများကို ကိုယ်စားပြုသည့် ၈၀ရာခိုင်နှုန်း ခန့်ရှိသော မသန်စွမ်းသူများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသည်။ ကိန်းဂဏန်းအားဖြင့် ဖော်ပြရလျှင် မသန်စွမ်းသူများသည် ကမ္ဘာ့လူဦးရေ သန်း ခုနစ်ထောင်တွင် သန်း တစ်ထောင် ( 1 Billion ) ကို ကိုယ်စားပြုသည်။ မြန်မာနိုင်ငံတွင်မူ နှစ်ပေါင်း(၃၀)အတွင်း ပထမဆုံးသော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ခုနှစ်က တရားဝင်ကောက်ခံခဲ့ရာ တစ်နိုင်ငံလုံးတွင် မသန်စွမ်းသူ လူဦးရေ (၂ ဒသမ ၃) သန်း ရာခိုင်နှုန်းအားဖြင့် (၄ ဒသမ ၆) ရာခိုင်နှုန်း (ထိုထဲမှ အမြင်အာရုံမသန်စွမ်းသူ (၅၄ ဒသမ ၁) ရာခိုင်နှုန်း၊ ကိုယ်အင်္ဂါချို့ယွင်းအားနည်းသူ(၄၁ ဒသမ ၁)ရာခိုင်နှုန်း၊ ဉာဏ်ရည်ပိုင်းဆိုင်ရာချို့ယွင်း အားနည်းသူ (၃၆ ဒသမ၂)ရာခိုင်နှုန်း၊ အကြားအာရုံချို့ ယွင်းအားနည်းသူ (၂၉ ဒသမ ၁)ရာခိုင်နှုန်း ရှိကြောင်း ဖော်ပြခဲ့သည်။ ရပ်ရွာလူထုအခြေပြု ပြန်လည်ထူထောင်ရေး လမ်းညွှန်သစ် (၂၀၁၀) ၏ ထုတ်ပြန်ဖော်ပြချက်အရ ကမ္ဘာ့ဆင်းရဲမွဲတေသူ ၁၅ ရာခိုင်နှုန်းခန့်သည်မသန်စွမ်းသူများ ဖြစ်ကြသည်။ ထို့အပြင် မြန်မာနိုင်ငံတွင်လည်း လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ မသန်စွမ်းသူများဆိုင်ရာ နိုင်ငံတော်စစ်တမ်း (၂၀၁၀) ထုတ်ပြန်ချက်အရ မသန်စွမ်းသူ ၈၅ ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့ ဖြစ်နေခြင်း၊ မသန်စွမ်း အိမ်ထောင်စု မိသားစု ၅၄ ရာခိုင်နှုန်းမှာ သုံးနှစ်ထက်ပိုမခံသည့် ဝါးတဲအိမ်ငယ်များဖြင့် နေထိုင်ရခြင်းနှင့် မသန်စွမ်း အိမ်ထောင်စု ၆၂ ဒသမ ၅ ရာခိုင်နှုန်းမှာ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု လုံးဝမရှိခြင်းတို့ကို တွေ့ရှိရပေရာ မသန်စွမ်းသူအများစုမှာ အမှန်တကယ် ဆင်းရဲနေသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းမှုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကိုယ်လက်အင်္ဂါ၊ အမြင်အာရုံ၊ အကြားအာရုံနှင့် ဉာဏ်ရည်အားနည်းသူဟူ၍ (၄)မျိုးကိုအခြေခံသော မသန်စွမ်းသူ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို လူမှုဝန်ထမ်း ဦးစီးဌာန ( Department of Social Welfare _DSW) နှင့် The Leprosy Mission International - TLMI (ယခု The Leprosy Mission Myanmar –TLMM) တို့ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ပြုလုပ်သည့် အခြေခံမသန်စွမ်းမှုစာရင်း ကောက်ယူမှုစစ်တမ်းတွင် တွေ့ရှိရသည်။ သို့ရာတွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့တွင်ပြည်ထောင်စုလွှတ်တော်က "မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ"ကို ဥပဒေအမှတ် (၃၀ ) ဖြင့် ပြဋ္ဌာန်းခဲ့ရာ ၄င်းဥပဒေပါ "အခန်း(၁) အမည်နှင့်အဓိပ္ပာယ် ဖော်ပြချက်တွင် "မသန်စွမ်းသူ" ဆိုသည်မှာ မွေးရာပါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူများကို ဆိုသည်" ဟုအဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ယခုကဲ့သို့ အချက်အလက်များကို ဖော်ပြရခြင်းမှာ အတားအဆီးကင်းသော ပတ်ဝန်းကျင်အခြေအနေတစ်ခု ဖြစ်ရန်အတွက် ခိုင်လုံစွာအရေးဆိုတင်ပြနိုင်ရန်အတွက်ဖြစ်သည်။ ထိုသို့အရေးဆိုတင်ပြပုံကို နောက်အခန်းများတွင် အသေးစိတ် ဖော်ပြသွားမည်ဖြစ်သည်။




## အခန်း(၁) အရေးဆိုတင်ပြဆွေးနွေးခြင်းနှင့် အားလုံးအကျုံးဝင်နိုင်ငံရေးဖြစ်စဉ်များတွင်ပါဝင်ခြင်း

### ၁.၁ ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်နိုင်မှု အခြေအနေ

မြန်မာနိုင်ငံတွင် မဲပေးခွင့်ရရှိသော နိုင်ငံသားဦးရေ ၃၃,၅၀၅,၈၇၈ ဦး(၃၃ ဒသမ ၅ သန်း) တွင် မဲပေးခွင့်ရှိသူ မသန်စွမ်းသူဦးရေမှာ ၂,၀၅၇,၆၅၃ ဦး(၂သန်းခန့်) ဖြစ်ပါသည်။ (အဆိုပါကိန်းဂဏန်းမှာ ကိုယ်အင်္ဂါ၊ အမြင်နှင့်အကြားအာရုံမသန်စွမ်းသူ မဲဆန္ဒရှင်များ၏ စုပေါင်းအရေအတွက် ဖြစ်သည့် ၁,၃၇၃,၃၃၃ ဦးနှင့် မဲပေးခွင့်ရှိသည့်ဉာဏ်ရည်မသန်စွမ်းသူ ၆၈၄,၃၂၈ဦး တို့၏စုစုပေါင်း ကိန်းဂဏန်း အချက်အလက်ဖြစ်သည်)။ Myanmar Social Policy and Poverty Research Group (SPPRG) လူမှုရေးဆိုင်ရာ သုတေသန လုပ်ဆောင်မှုအဖွဲ့ ၏ လေ့လာမှုတစ်ရပ်တွင် မသန်စွမ်းသူအားလုံးထဲမှ ၇၅ ရာခိုင်နှုန်းသည် လူထုဆိုင်ရာ သတင်းအချက်အလက်များအားလုံးကို ရယူနိုင်မှု မရှိဟုတွေ့ရှိရသည်။ ထို့အပြင် SPPRG၏ မသန်စွမ်းသူ (၁၁၀၀) ကိုလေ့လာသည့်အစီရင်ခံစာတွင် ၃၂ရာခိုင်နှုန်းခန့်သာ မသန်စွမ်းသူများအခွင့်အရေး (သို့) လူ့အခွင့်အရေးများရှိကြောင်းကို သိရှိကြပြီး ၆၈ရာခိုင်နှုန်းမှာမူ မသိရှိကြကြောင်းဖော်ပြပါရှိသည်။

ထို့ကြောင့်ရွေးကောက်ပွဲဖြစ်စဉ်များတွင် မသန်စွမ်းသူများ၏ နိုင်ငံရေး ပါဝင်ဆောင်ရွက်ခွင့် ရရှိရန် အတားအဆီးများ ရှိနေသည်မှာ အထက်ပါအထောက်အထားများအရ သိနိုင်ရုံသာမက မသန်စွမ်းသူဆိုင်ရာ အဖွဲ့

အစည်းများသည် ထိထိရောက်ရောက်ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုနေသေးကြောင်း သက်သေပြနေပါသည်။ နိုင်ငံရေး ပင်မရေစီးကြောင်းတွင် အခြားသော နိုင်ငံသားများနည်းတူ မသန်စွမ်းသူများ လက်လှမ်းမီရယူနိုင်ခွင့်၊ ဝင်ရောက်ဆောင်ရွက်နိုင်ခွင့်ရရှိရေးသည် အဓိကကျသည့် ပထမဦးဆုံးသော ခြေလှမ်းတစ်လှမ်းပင်ဖြစ်သည်။ ရွေးကောက်ပွဲများသည် မသန်စွမ်းအဖွဲ့အစည်းများက ၎င်းတို့၏ နိုင်ငံရေးဆိုင်ရာ အမြင်များကိုမြှင့်တင်ရန်နှင့်မသန်စွမ်းသူများနှင့်ဆိုင်သော ကိစ္စရပ်များကို ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းများနှင့်ပိုမိုဆွေးနွေးတိုင်ပင်နိုင်သော အခွင့်အလမ်းများလည်းဖြစ်သည်။ ထို့အပြင် မသန်စွမ်းအဖွဲ့များအနေဖြင့် မူဝါဒရေးဆွဲသူများနှင့် ကောင်းစွာရင်းနှီးမှု တည်ဆောက်နိုင်ရန်နှင့် အခြားသော နိုင်ငံရေးလှုပ်ရှားသူများနှင့်အတူ လှုံ့ဆော်စည်းရုံးနိုင်ရန် အခွင့်အလမ်းများစွာရှိနေသည့် အချိန်အခါသမယပင်ဖြစ်သည်။ ရွေးကောက်ပွဲအလွန်ကာလများတွင် ပို၍အရေးပါသော နိုင်ငံရေးတွင် ချိတ်ဆက်လုပ်ဆောင်မှုများအတွက် အထောက်အကူပြု အုတ်မြစ်ချ ပေးနိုင်ပါသည်။ရွေးကောက်ပွဲကာလသည် အနာဂတ် မူဝါဒချမှတ်သူများ တင်ပြတောင်းဆိုချက်များကို နားထောင်ပေးရန်အလားအလာများသည့် ကာလဖြစ်၍ မသန်စွမ်းအဖွဲ့အစည်းများနှင့် ခေါင်းဆောင်များအနေဖြင့် အမိအရအသုံးချရန် လိုအပ်ပေသည်။နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းဆိုသည်မှာ အဘယ်နည်းဟု စဉ်းစားလျှင် အောက်ပါအတိုင်းဖြေရမည်ဖြစ်သည်-

**နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းဆိုသည်မှာ** ရွေးကောက်ပွဲများ၊ အစိုးရနှင့် ဆက်ဆံရေးကဏ္ဍများနှင့် လူမှုဘဝဆိုင်ရာ နယ်ပယ်ကဏ္ဍတိုင်းတွင် နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်ခြင်းကို ဆိုလိုသည်။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဆန္ဒမဲပေးသူများ၊ ရွေးကောက်ခံကိုယ်စားလှယ်များ၊ နိုင်ငံ၏တာဝန်ရှိသူများအနေနှင့် အစိုးရ၏ ဆုံးဖြတ်ချက်များတွင် ၎င်းတို့၏အသံများ ပါဝင်ခွင့်ရရှိကြသည်။

သင်နှစ်သက်သော ကိုယ်စားလှယ်ကို မဲပေးခြင်းသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်း နည်းလမ်းတစ်ခုဖြစ်သည်။ မှန်ကန်သော မဲပေးမှုပြုလုပ်နိုင်ရန်အတွက် နိုင်ငံသားများအနေဖြင့် ကိုယ်စားလှယ်လောင်းများ၏ မူဝါဒများနှင့် လုပ်ဆောင်ချက်များကို လေ့လာထားရမည်ဖြစ်သည်။ ထို့ပြင် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲဖြစ်စဉ်များတွင် ပါဝင်ခြင်းဖြင့် သင့်အတွက် အရေးကြီးသော ကိစ္စရပ်များတွင်ပါဝင်ဆွေးနွေးခွင့် ရရှိနိုင်သည်။ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအဖြစ် ရွေးချယ်ခံရပါက အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ချမှု ဖြစ်စဉ်တွင် ပါဝင်ခွင့် ရရှိနိုင်မည်ဖြစ်သည်။

သင့်အနေဖြင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဖြစ်လာပါက တရားမျှတပြီးပွင့်လင်းမြင်သာမှုရှိသောအားလုံးအကျုံးဝင်ပါဝင်နိုင်သော ရွေးကောက်ပွဲများဖြစ်လာစေရန် သေသေချာချာ စီမံခန့်ခွဲနိုင်ခွင့်ရရှိမည်ဖြစ်သည်။

**နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်ခြင်းကဘာကြောင့် အလွန်အရေးပါသနည်း။**

နိုင်ငံရေးဖြစ်စဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် အရေးဆိုတင်ပြဆွေးနွေးခြင်း၏အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။နိုင်ငံသားများအနေဖြင့် နိုင်ငံရေးဖြစ်စဉ်များတွင်ပါဝင်ခြင်းသည် နိုင်ငံ၏အရေးပါသောဆုံးဖြတ်ချက်များချရာတွင်ပါဝင်နိုင်ခြင်းပင်ဖြစ်သည်။ မသန်စွမ်းအဖွဲ့ အစည်းများနှင့် အခြား

အသင်းအဖွဲ့များအနေဖြင့် နိုင်ငံရေးနှင့်လူမှုဘဝနယ်ပယ်များတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိတို့၏ဖွံ့ဖြိုး တိုးတက်ရေးအတွက် အပြောင်းအလဲကိုဖော်ဆောင်ပေးနိုင်သော မူဝါဒချမှတ်သူများဖြင့် တိုက်ရိုက်ဆက် သွယ်ခွင့်ရရှိမည်ဖြစ်သည်။ မသန်စွမ်းသူများ၏အခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့်အဖွဲ့များ အနေဖြင့်လည်း ထိုသို့ပါဝင်ဆောင်ရွက်ရာမှတစ်ဆင့် မသန်စွမ်းသူများအပေါ်ထားရှိနေသော အမြင်သဘော ထားများလည်းပြောင်းလဲလာမည်ဖြစ်သည်။ (ဥပမာ မသန်စွမ်းသူမဲဆန္ဒရှင်များ မဲပေးခြင်းဖြင့် အခြားနိုင်ငံ သားများနည်းတူ တန်းတူအခွင့်အရေးများရှိကြောင်း ထင်ဟပ်စေသည်)

ထို့အပြင် ပြည်သူလူထုအကြားဖြစ်ပေါ်လျက်ရှိသော လက်ရှိအကြောင်းအရာအဖြစ်အပျက်များနှင့်လည်း အမြဲထိတွေ့ ပါဝင်ခွင့်ရစေသည်။

**နိုင်ငံရေးနှင့်ပြည်သူ့ ဘဝနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခြင်း**

**အောက်ပါတို့ မှာ ဥပမာအချို့ ဖြစ်ပါသည်-**

- လက်မှတ်ထိုး လှုပ်ရှားမှုများ၊
- နိုင်ငံရေးဆိုင်ရာ ငြင်းခုံဆွေးနွေးပွဲများကို စောင့်ကြည့်ခြင်း၊
- မသန်စွမ်းသူများအကျိုးဝင်စံပြမဲရုံများဖြစ်ပေါ်လာရန် အရေးဆိုတင်ပြဆွေးနွေးခြင်း၊
- နိုင်ငံရေးဆိုင်ရာဆွေးနွေးနိုင်မှုအခြေအနေများကို ဖော်ဆောင်ပေးခြင်း၊
- မသန်စွမ်းသူများ၏အခွင့်အရေးများ ဥပဒေနှင့်စည်းမျဉ်းများကို သတင်းဆောင်းပါးများတွင် ကိုယ်တိုင်ရေးသားခြင်းနှင့် အမြဲမပြတ်ဖတ်ရှုလေ့လာခြင်း၊
- ရွေးကောက်ပွဲဖြစ်စဉ်များကို စောင့်ကြည့်လေ့လာခြင်း၊
- လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့်တွေ့ ဆုံဆွေးနွေးခြင်း။

## ၁.၂ မြန်မာနိုင်ငံ၏ ဖွဲ့ စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲ ဥပဒေ နှင့် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ အကြောင်း


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁)ရှိ နိုင်ငံတော်အခြေခံမူများတွင်"ပုဒ်မ ၃၈ (က)၌ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက် ပိုင်ခံခွင့်ရှိသည်" ဟု အတိအလင်းကြေညာထားပြီးဖြစ်သည်။ထို့အပြင်ဒီမိုကရေစီနိုင်ငံတစ်ခုတွင် နိုင်ငံသား များ၏ လူ့အခွင့်အရေးများကို များစွာအလေးထားပြီး အခွင့်အရေးများသေချာစေရန်အတွက် အားထုတ်ကြ သည်။ ထိုအခွင့်အရေးများတွင် ရွေးကောက်ပွဲ၌ မဲပေးခွင့်လည်း ပါဝင်သည်။ မဲပေးသော နိုင်ငံသားအရေ အတွက် များလေလေ၊ ရွေးကောက်ခံရသော အစိုးရ၏ တရားဝင်ဖြစ်မှု ပိုမြင့်လေလေဖြစ်သည်။

မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) နိုင်ငံတော် အခြေခံမူများတွင် ပုဒ်မ ၁၂ (က) - နိုင်ငံတော်၏ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ် လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေက သတ်မှတ်သော ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်။ (ခ) ပြည်ထောင်စု လွှတ်တော်တွင် မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း ရွေးကောက်တင်မြှောက်သည့် လွှတ်တော်တစ်ရပ်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်ဦးရေ တူညီစွာ ရွေးကောက် တင်မြှောက်သည့် လွှတ်တော်တစ်ရပ်ဟူ၍ လွှတ်တော်နှစ်ရပ်ပါရှိသည် ဟုဖော်ပြထားသည်။ ပြည်ထောင်စု လွှတ်တော်ဆိုသည်မှာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ် ပေါင်းထားသည်ကို ခေါ်ဆိုပါ သည်။ ထို့အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လွှတ်တော် ၁၄ ခု ဖွဲ့စည်းထားပါသည်။ အထက်ပါ ကိစ္စကို ဖော်ပြရခြင်းမှာ မြန်မာနိုင်ငံ၏ အာဏာခွဲဝေမှုနှင့်စီးဆင်းမှုပုံစံကို သိစေလို၍ ဖြစ်သည်။ သို့မှသာ မသန်စွမ်းသူတစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများ အနေဖြင့် မိမိတို့ ပြုလုပ်မည့် အရေးဆိုတင်ပြခြင်းကို ပိုမိုကောင်းမွန်စွာ လုပ်နိုင်မည်ဖြစ်သည်။

ထို့အပြင်မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်နေသော လွှတ်တော်ရေးရာ ကော်မတီများကိုလည်း မေ့ထား၍ မရချေ။ ယင်းကော်မတီများသည် လွှတ်တော်အတွင်းဆွေးနွေးရန်အတွက် တရားဝင်ပြောခွင့်၊ ဆွေးနွေးခွင့်ရှိ သည့် နေရာများလည်း ဖြစ်သည်။

### ၁.၃ မြန်မာနိုင်ငံက လက်မှတ်ထိုးထားသော နိုင်ငံတကာဥပဒေများ အကြောင်း

မသန်စွမ်းသူများသည် မသန်စွမ်းသူများ အရေးကို တင်ပြတောင်းဆိုရာတွင် အထောက်အထားမဲ့ တောင်းဆိုခြင်းထက် အထောက်အထားအခြေပြုတောင်းဆိုမှသာ သက်ဆိုင်ရာပါဝင်ပတ်သက်သူ အသီးသီးကပိုမို အလေးနက်ထားနားထောင်၍ အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာ ဥပဒေများနှင့် မြန်မာနိုင်ငံက လက်မှတ်ထိုးထားသော ကြေညာချက်၊ သဘောတူညီ ချက်များဖြင့်လည်း ဆွေးနွေးတောင်းဆိုနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံနှင့်ပတ်သက်သော ဥပဒေများ၊ နိုင်ငံတကာ ဥပဒေများ၊ ကြေညာချက်များနှင့် သဘောတူညီချက်များကို ဖော်ပြပေးလိုက်ပါသည်။ မိမိတို့ လိုအပ်သလို လက်နက်ကိရိယာတခုအဖြစ် အသုံးချနိုင်ပါကပိုမို အသက်ဝင်လာမည်ဖြစ်သည်။




## ၁.၄ အရပ်ဘက် လူမှုအဖွဲ့အစည်း၊ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့်မသန်စွမ်းအခွင့်အရေးများ

မြန်မာနိုင်ငံသည် ၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းအပြီးတွင် အရပ်ဘက်အဖွဲ့အစည်းများ အများအပြား ပေါ်ထွက်လာကြသည်။ ထို့အပြင် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် ဒီမိုကရေစီစနစ်၏ အဓိက မောင်းနှင အားများလည်းဖြစ်သည်။ ထို့ကြောင့် ထိုအရပ်ဘက်အဖွဲ့အစည်းများ ကိုယ်တိုင်က မသန်စွမ်းသူများ၏ အရေးကိစ္စကို ပူးပေါင်းတောင်းဆိုပါက အတိုင်းထက်လွန် ကောင်းမွန်သွားမည်မှာ မြေကြီးလက်ခတ် မလွဲဖြစ်သည်။ သို့ရာတွင် ဆွေးနွေးပွဲများ၊ အစည်းအဝေးများတွင် မသန်စွမ်းသူများကတောင်းဆိုလျှင် တိုင်းပြည်တိုးတက်မှသာ လုပ်သင့်သည်ဆိုသော များစွာမှားယွင်းသည့် အတွေးအခေါ် များကို တွေ့ရှိနေ ရဆဲဖြစ်သည်။ ထို့သို့မှားယွင်းသော အတွေးအခေါ်များကို တွေ့ရှိနေရသောကြောင့် မသန်စွမ်းသူများ၏ သွားရမည့်ခရီးမှာ နီးသလားဟု မေးရန်ပင် မလိုအပ်တော့အောင် ထင်ရှားနေပြီဖြစ်သည်။ သို့ပါသော

ကြောင့် မသန်စွမ်းသူအဖွဲ့အစည်းများနှင့် မသန်စွမ်းသူများအားလုံး အလျင်းသင့်လျှင် သင့်သလို ရှင်းလင်း ပြောပြရန် လိုအပ်ပြီဖြစ်သည်ကိုလည်း လေးနက်စွာ တင်ပြလိုက်ပါသည်။

အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) များအနေဖြင့် နိုင်ငံတော်က ၎င်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုကြောင်းကို သေချာစေရမည်ဖြစ်သည်။ အသိပညာဖြန့်ဝေကြရာ၌ CSO များအနေဖြင့် လက်ရှိအစိုးရ၏ ဦးဆောင်လှုပ်ရှားမှုများကို ပံ့ပိုးပေးခြင်းဖြင့်သော်လည်းကောင်း၊ ၎င်းတို့ကိုယ်ပိုင် အသိပညာပေးလှုပ်ရှားမှုအစီအစဉ်များ ချမှတ်လုပ်ဆောင်ခြင်းဖြင့်သော်လည်းကောင်း ပါဝင်နိုင်သည်။ မသန်စွမ်းအဖွဲ့အစည်း (DPO) များအနေဖြင့်လည်း အသိပညာပေးလှုပ်ရှားမှုများပြုလုပ်ကြရာ၌ အမျိုးသမီးများ ကဲ့သို့သော အခြားကန့်သတ်ခံအုပ်စုများ ပါဝင်စေရန် လိုအပ်ပါသည်။ သို့မှသာ မသန်စွမ်း သူများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ကို အသိပညာပေးရာ၌ လူထု၏ ထောက်ခံမှုကို များနိုင်သမျှ များများရရှိရန် သေချာမည်ဖြစ်သည်။

မသန်စွမ်းမှု အကျုံးဝင်သော ဦးဆောင်လှုပ်ရှားမှုတစ်ရပ်ကို ကျယ်ပြန့်စွာနှင့် ရေရှည်တည်တံ့စွာ လုပ်ဆောင်နိုင်ရေး သေချာစေရန်အတွက် အရပ်ဖက်လူမှုအဖွဲ့အစည်း (CSO) များ၏ လုပ်ဆောင်မှုများတွင် မသန်စွမ်းအခွင့်အရေးများကို ထည့်သွင်းပေါင်းစပ်ထားရန် လိုအပ်ပါသည်။

အလွယ်တကူ ချဉ်းကပ်ရယူသုံးစွဲနိုင်မှု ကျယ်ပြန့်လာစေရန် အတွက်လည်း ထိုကြိုးပမ်း အားထုတ်မှုက အရေးကြီးပါသည်။ များသောအားဖြင့် ပါဝင်ပတ်သက်သူများသည် မသန်စွမ်းသူများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများ အတွက်သာ မသန်စွမ်းအဖွဲ့အစည်း များနှင့် ဆက်သွယ်ဆောင်ရွက်တတ်ကြသည်။

**၁.၄.၁ ပိုမိုအကျုံးဝင်မှု ရှိလာစေရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များအနေဖြင့် မည်သည့် အရာများကို လုပ်ဆောင်နိုင်ပါသနည်း _**

အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) အများစုအနေဖြင့် မသန်စွမ်းအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက်လေ့မရှိသော်လည်း ၎င်းတို့၏ လုပ်ဆောင်မှုအစီအစဉ်များတွင် မသန်စွမ်းသူများ၏ ပါဝင်မှုတိုးတက်လာစေရန် လုပ်ဆောင်နိုင်သော အရာများစွာရှိပါသည်။

- အရက်ဘက်လူမှုအဖွဲ့ အစည်းများက ၎င်းတို့၏ လုပ်ဆောင်ချက်များတွင် မသန်စွမ်းသူများအား ထည့်သွင်းစဉ်းစားလာစေရန် အရေးဆိုတင်ပြဆွေးနွေးခြင်း၊
- အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၏ ဆွေးနွေးပွဲ/ညီလာခံများတွင် မသန်စွမ်းမှုဆိုင်ရာရှုထောင့်မှ ဝင်ရောက်ဆွေးနွေးပေးနိုင်ရန် မသန်စွမ်းအဖွဲ့ အစည်း (DPO) များကို ဖိတ်ကြား၍ ပါဝင်တက် ရောက်စေခြင်း၊
- မသန်စွမ်းသူများကို အရပ်ဖက်လူမှုအဖွဲ့အစည်း (CSO)များတွင် အဖွဲ့ ဝင်များအဖြစ်ပါဝင်စေခြင်း၊

- အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များတွင် ပါဝင်ခွင့်နှင့် ပတ်သက်သည့် လှုပ်ရှားမှုအစီအစဉ်များကို ပူးပေါင်းဆောင်ရွက်ပြီးၾကင်းတို့၏ အစီအစဉ်များတွင် မသန်စွမ်းမှုကို အကျုံးဝင်ပါဝင်လာစေရန် လုပ်ဆောင်ခြင်း။

**၁.၄.၂ ပိုမိုကျယ်ပြန့်သော အရပ်ဘက်လူမှုအသိုင်းအဝိုင်းဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် မသန်စွမ်းအဖွဲ့အစည်း (DPO) များအနေဖြင့် မည်သည့်အရာများကို လုပ်ဆောင်နိုင်ပါသနည်း။**

မသန်စွမ်းအဖွဲ့အစည်း (DPO) များအနေဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ၏ လှုပ်ရှားဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ပါသည်။ DPO များအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် လှုပ်ရှားမှုအစီအစဉ်များတွင် မသန်စွမ်းအခွင့်အရေးများကိုအဓိကထား လုပ်ဆောင်နိုင်သကဲ့သို့ ရွေးကောက်ပွဲကဲ့သို့ အခြားသော လှုပ်ရှားမှုအစီအစဉ်များတွင်လည်း မသန်စွမ်းအခွင့်အရေးများကို ထည့်သွင်းပါဝင်စေရန် လုပ်ဆောင်နိုင်သည်။ မသန်စွမ်းသူများ ကြုံတွေ့နေရသည့် ကိစ္စရပ်များ၊ အတားအဆီးများနှင့် ပတ်သက်၍ တာဝန်ရှိသူများသိရှိလုပ်ဆောင်ပေးနိုင်ရန်အတွက် DPO များအနေဖြင့် မသန်စွမ်းအခွင့်အရေးများဆိုင်ရာ သတင်းအချက်အလက်များကို ပေးအပ်နိုင်ပါသည်။

- CSO များ၏ လှုပ်ရှားမှုအစီအစဉ်များတွင် မသန်စွမ်းမှုကို ထည့်သွင်းပါဝင်စေရန် CSO များကို အသိပညာပေးခြင်း၊
- CSO များက ကျင်းပသည့်နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်မှုနှင့် ရွေးကောက်ပွဲဆိုင်ရာ ညီလာခံများကို တက်ရောက်ခြင်း၊
- CSO များတွင် မသန်စွမ်းအဖွဲ့ဝင်များအဖြစ် ပါဝင်လုပ်ဆောင်ခြင်း။

အသိပညာပေး လုပ်ငန်းအစီအစဉ်များတွင် မသန်စွမ်းမှုရှုထောင့်ကို ထည့်သွင်းနိုင်ရန် CSO များနှင့်အတူ မဲဆန္ဒရှင်အသိပညာပေးခြင်းနှင့် အခြားသော အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်ခြင်း။

## အခန်း(၂) အရေးဆိုတင်ပြဆွေးနွေးခြင်း (Advocacy) ဆိုသည်မှာ အဘယ်နည်း_

### အဓိပ္ပာယ်ဖွင့်ဆိုချက်

အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုသည်မှာ မူဝါဒချမှတ်သူများ (သို့မဟုတ်) အပြောင်းအလဲကို ဖော်ဆောင်ပေးနိုင်သူများကို ရည်ရွယ်စည်းရုံးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ဆင်းရဲမွဲတေမှု၊ ကျား မ တန်းတူ ညီမျှမှုမရှိခြင်းနှင့် တရားမျှတမှုမရှိခြင်း စသည်တို့ကဲ့သို့သော ကိစ္စကြီးများ၏ နောက်ကွယ်မှ အကြောင်းရင်းများကို ဖော်ထုတ်တင်ပြပေးခြင်းလည်းဖြစ်သည်။

အောင်မြင်ထိရောက်စွာ စည်းရုံးနိုင်ရန်အတွက် အရေးဆိုတင်ပြဆွေးနွေးခြင်း လှုပ်ရှားမှု ဖြစ်စဉ်တစ်ခုသည် လပေါင်းများစွာ (သို့) နှစ်ပေါင်းများစွာ ကြာမြင့်နိုင်သည်။ မသန်စွမ်းသူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေး၊ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို အလွယ်တကူ ရယူချဉ်းကပ်နိုင်မှု တိုးတက်လာစေရန် ရည်ရွယ်လုပ်ဆောင်ရသော ကာလရှည်လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

အရေးဆိုတင်ပြဆွေးနွေးသူ(Advocator)များသည် နည်းလမ်းအမျိုးမျိုးကို အသုံးပြုပြီး တည်ဆဲဥပဒေများကို ပြောင်းလဲပေးရန်၊ ဥပဒေအသစ်များ ပြဌာန်းပေးရန်၊ ဘဏ္ဍာရေးအသုံးစရိတ်များ ခွဲဝေရာတွင် ထည့်သွင်းပေးရန်နှင့် တည်ဆဲဥပဒေများကို ထိရောက်စွာ အကောင်အထည် ဖော်ပေးရန် အတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသူများကို ပညာပေးစည်းရုံးကြရသည်။ အောင်မြင်သော အရေးဆိုတင်ပြ ဆွေးနွေးသူများသည် ကိစ္စရပ်များကို တာဝန်ရှိသူ အာဏာပိုင်များ သိစေရန် လုပ်ဆောင်ကြရုံသာမက အခွင့်အရေးများကို ပံ့ပိုးပေးသည့် မူဝါဒအသစ်များ ဖန်တီးရေးဆွဲ နိုင်ရန်အတွက်လည်း အခြားသော အရေး ဆိုတင်ပြဆွေးနွေးသူများ၊ အစိုးရအဖွဲ့ ဝင်များနှင့် ပူးပေါင်း လုပ်ဆောင် တတ်ကြသည်။

အရေးဆိုတင်ပြဆွေးနွေးခြင်း လှုပ်ရှားမှုတစ်ခုအား မည်သို့လုပ်ဆောင်ရမည်ကို ဤလက်စွဲ စာအုပ် တွင် လေ့လာနိုင်သည်။ အောင်မြင်ထိရောက်သော အရေးဆိုတင်ပြဆွေးနွေးခြင်း လှုပ်ရှားမှုတစ်ခုအနေဖြင့် အဆင့်ပေါင်းများစွာကို ကျော်ဖြတ်ရသည်။

အဆင့် ၁။ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော အဖွဲ့တွင်းကိစ္စများနှင့် အဖွဲ့အပြင်ဘက် ကိစ္စများချရေးပါ။

အဆင့် ၂ ။ မိမိပြုလုပ်လိုသော အရေးဆိုတင်ပြဆွေးနွေးမှုကို သတ်မှတ်ပါ၊

အဆင့် ၃၊ ဦးစားပေးလုပ်ငန်းများသတ်မှတ်ပါ၊

အဆင့် ၄၊ရည်မှန်းချက်ရောက်ရန် အရေးဆိုတင်ပြဆွေးနွေးမှုဆိုင်ရာ မဟာဗျူဟာကို လုပ်ဆောင်ပါ၊

အဆင့်၅။ အရေးဆိုတင်ပြဆွေးနွေးမှု မဟာဗျူဟာကို အကောင်အထည်ဖော်ပါ၊

အဆင့်၆။ မိမိတို့ ရည်မှန်းချက် ကိုရောက်ရှိသွားခြင်း၊

အဆင့် ၇။ထပ်မံ လုပ်ဆောင်အကောင်အထည်ဖော်ပါ။

အောင်မြင်သော အရေးဆိုတင်ပြဆွေးနွေးသူတစ်ယောက်ဖြစ်ရန် သင့်အနေဖြင့် ဖြေဆိုကြည့် ရမည့်မေးခွန်း (၄) ခုရှိပါသည်။ ၄င်းတို့မှာ-

(၁)- သင့်အနေဖြင့် မည်သည့်အရာကို ရရှိရန် ကြိုးစားနေပါသနည်း။ (ဥပမာ- သင်သည် လက်ရှိ တည်ဆဲဥပဒေနှင့် မူဝါဒများအား ပြောင်းလဲသွားစေရန် ကြိုးစားနေပါသလား၊ သို့မဟုတ် ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းပေးရန် ကြိုးစားနေပါသလား။ သို့မဟုတ် အစိုးရအနေဖြင့် တည်ဆဲဥပဒေကို အကောင်အထည်ဖော်ပေးရန် ကြိုးစားနေပါသလား။ သို့မဟုတ် "UNCRPD" ကဲ့သို့သော သဘောတူ စာချုပ်ပါ အချက်များကို သေချာစေရန် ကြိုးစားစည်းရုံးနေပါသလား။)

(၂)- သင့်အနေဖြင့် မည်သူတို့ကို စည်းရုံးသိမ်းသွင်းနိုင်ရန် ကြိုးစားနေပါသနည်း။ (လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်ချင်းစီ၊ ဥပဒေပြု အဖွဲ့အစည်းတစ်ခု၊ ဝန်ကြီးဌာနတစ်ခု၊ ရွေးကောက်ပွဲ စီမံကြီးကြပ်ရေးအဖွဲ့ စသည်ဖြင့်။)

(၃)- သင်ဖြစ်စေလိုသော အပြောင်းအလဲကို မည်သည့်အချိန်တွင် တွေ့မြင်လိုပါသနည်း။ လက်တွေ့ကျ၍ စစ်မှန်မှုရှိသော ပန်းတိုင်တစ်ခုကို အသေအချာ ချမှတ်ပါ။

(၄)- သင်၏ပန်းတိုင်ကို ရောက်ရှိရန် မည်သို့ပြင်ဆင်လုပ်ဆောင်ထားပါသနည်း။ အရေးဆိုတင်ပြ ဆွေးနွေးခြင်းဆိုင်ရာ လှုပ်ရှားမှုတစ်ခု၏ အောင်မြင်မှုအတွက် ကောင်းမွန်သော နည်းဗျူဟာတစ်ရပ်ရှိရန် အရေးကြီးသည်။ လက်တွေ့နိုင်ငံရေးအခြေအနေကို ထည့်သွင်းစဉ်းစားထားသော ကိစ္စရပ်တစ်ခုချင်းစီ အတွက် အသေးစိတ် အစီအစဉ်များ ဖန်တီးရေးဆွဲရမည်ဖြစ်သည်။

## ၂.၁ အဖွဲ့အစည်းတွင်းနှင့်အဖွဲ့အစည်းပြင်ပ ပတ်ဝန်းကျင်အခြေအနေကို လေ့လာဆန်းစစ်ခြင်း- "SWOT လေ့လာဆန်းစစ်နည်း

အောင်မြင်ထိရောက်စွာ အရေးဆိုတင်ပြဆွေးနွေးစည်းရုံးနိုင်ရန်အတွက် သင့်အဖွဲ့အစည်း၏ အားသာချက်များ၊ အားနည်းချက်များနှင့် တိုးတက်ရန် လိုအပ်နေသေးသော နယ်ပယ်များကို သတိပြုမိရန် အရေးကြီးပါသည်။ ခေါင်းဆောင်မှုနှင့် ကြိုတင်စီမံမှုတို့ဖြင့် တည်ဆောက်ထားသော ခိုင်မာအားကောင်းသည့်အခြေခံအုတ်မြစ် မရှိပါက သင့်အသိုင်းအဝိုင်းအတွင်းတွင် ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ရန် အလွန်ခက်ပါသည်။ သင့်အဖွဲ့အစည်းအနေဖြင့် သင့်နိုင်ငံရှိ အရပ်ဘက်လူမှုအသိုင်းအဝိုင်းတွင် မည်သို့အံဝင်ခွင်ကျဖြစ်သည်ကိုလည်း လေ့လာဆန်းစစ်ထားရန် အရေးကြီးပါသည်။ ထိုသို့သော လေ့လာဆန်းစစ်မှုများ ပြုလုပ်ရန်အတွက် "SWOT" လေ့လာဆန်းစစ်ခြင်းနည်းလမ်းကို အသုံးပြုနိုင်ပါသည်။

### ၂.၁.၁ SWOT လေ့လာဆန်းစစ်မှုတစ်ခုကို လုပ်ဆောင်ခြင်း။

SWOT ဟူသော စကားလုံးသည် အောက်ပါတို့ကို ကိုယ်စားပြုသည်။-

**S** ဆိုသည်မှာ **strengths** ဖြစ်ပြီး အားသာချက်များ ဖြစ်သည်။(သင့်အဖွဲ့အစည်းအတွင်းတွင် မည်သည့်အရင်းအမြစ်ကောင်းများ ရှိပါသနည်း။)

**W** ဆိုသည်မှာ**weaknesses** ဖြစ်ပြီး အားနည်းချက်များ ဟု အဓိပ္ပာယ်ရပါသည်။ (သင့်အဖွဲ့အစည်းအနေဖြင့် မည်သည့်နေရာ၊ မည်သည့် အပိုင်းတွင် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ အားနည်းချက်များ ရှိနေပါသနည်း။)

**O** ဆိုသည်မှာ **opportunities** ဖြစ်ပြီး အခွင့်အလမ်းများဟု အဓိပ္ပာယ်ရပါသည်။ (သင့်အဖွဲ့ ‌ အစည်းအနေဖြင့် မည်သည့်နေရာ၊ မည်သည့် အပိုင်းတွင် အခြားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်ပါသနည်း။ သို့မဟုတ် လက်ရှိလုပ်ဆောင်နေသော အစီအစဉ်များတွင် မည်သည့်နေရာ၊ မည်သည့်အပိုင်းက ပါဝင်ဆောင်ရွက်နိုင်ပါသနည်း။)

**T** ဆိုသည်မှာ **threats** ဖြစ်ပြီး စိန်ခေါ်မှုများဟု အဓိပ္ပာယ်ရပါသည်။(သင့်အဖွဲ့အစည်းအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ နောက်ခံအခြေအနေက မည်သည့်အရာဖြစ်ပါသနည်း။ သင့်အဖွဲ့အစည်းပြင်ပရှိ မည်သည့်အရာများက သင့်ပန်းတိုင်ကို ရောက်ရှိရန် ကြိုးပမ်းလုပ်ဆောင်နေချိန်တွင် ဟန့်တားနှောင့်ယှက်နေပါသနည်း။)

**"SWOT"** လေ့လာဆန်းစစ်မှုကို အောက်တွင်ပြထားသကဲ့သို့ ကားချပ် **(chart)** ဖြင့် သရုပ်ဖော်နိုင်ပါသည်။

**"SWOT"** ဆိုင်ရာ သရုပ်ဖော်ကားချပ်တစ်ခု ပါဝင်ပါသည်။

## သရုပ်ဖော် ကားချပ် ( ၁ )

| | | | |
|---|---|---|---|
| အဖွဲ့အစည်းတွင် မည်သည့်အရည်အသွေးများ ပိုင်ဆိုင်ထားပါသနည်း။ | မည်ကဲ့သို့ အဖွဲ့အစည်းက အလုပ် လုပ်သနည်း။ မည်သို့ မြင်ကွင်းကျယ်ဖြင့် ကြည့်မြင် သုံးသပ်သနည်း။ | | |
| | | အဖွဲ့အစည်းအတွင်း | အဖွဲ့အစည်းပြင်ပ |
| | ပိုင်ဆိုင်မှုများ (assets) | အားသာချက် (strength) | အခွင့်အလမ်းများ (opportunities) |
| | စိန်ခေါ်မှုများ (challenges) | အားနည်းချက်များ (weaknesses) | အန္တရာယ် (ခြိမ်းခြောက်မှု) (threats) |

အထက်ပါ ကားချပ်ပုံစံကို အသုံးပြု၍ သင့်အဖွဲ့အစည်းအနေဖြင့် မည်သည့်အပိုင်းတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရမည်၊ သင့်အဖွဲ့အစည်း၏ အောင်မြင်မှုအတွက် မည်သည့်အရာများက အထောက်အပံ့ပေးနေသည်၊ အနာဂတ်တွင် မည်သည့်အရာများကို မှီခိုအားပြုနိုင်သည်၊ စသဖြင့် လေ့လာဆန်းစစ်နိုင်သည်။ “SWOT” လေ့လာဆန်းစစ်မှုဆိုင်ရာ သရုပ်ဖော် ကားချပ် ( ၂ )တွင် သင့်အဖွဲ့အစည်း၏ အားသာချက်များ၊ စိန်ခေါ်ချက်များကို ဆုံးဖြတ်ဆန်းစစ်နိုင်မည့် မေးခွန်းများ ပါဝင်ပါသည်။

“SWOT” လေ့လာဆန်းစစ်မှုဆိုင်ရာ မေးခွန်းများ-

## သရုပ်ဖော် ကားချပ် ( ၂ )

| ပိုင်ဆိုင်သည့်အရာများ | အဖွဲ့အစည်းအတွင်း | အဖွဲ့အစည်းအပြင် |
|---|---|---|
| | အားသာချက်များ | အခွင့်အလမ်းများ |
| | *သင့်အဖွဲ့အစည်းအတွင်းရှိ လူသားအရင်းအမြစ်များ။ အဖွဲ့အစည်းတွင်းရှိ ဝန်ထမ်းများ၏ လုပ်ကိုင်နိုင်စွမ်းများကို ဖော်ပြပါ။ *သင့်အဖွဲ့အစည်းတွင် အလုပ်ကောင်းစွာ လုပ်နိုင်သော ဖွဲ့စည်းပုံစနစ် ရှိပါသလား။ ရာထူးတာဝန် အလိုက် အဆင့်ဆင့် ဖွဲ့စည်းထားမှုသည် ဆုံးဖြတ်ချက်ချမှုဖြစ်စဉ် အတွက် သင့်လျော်မှု ရှိပါသလား။ | *အရေးဆိုတင်ပြဆွေးနွေးမှုဆိုင်ရာ ဦးတည်ချက် တူညီသော အခြားအဖွဲ့အစည်းများ ရှိပါသလား။ (ဉပမာ- အကြားအာရုံ မသန်စွမ်းသူများ အကျုံးဝင်သော ရွေးကောက်ပွဲ၊ ဉာဏ်ရည်မသန်စွမ်း သူများ၏ ပညာရေး စသဖြင့် ဦးတည်ချက် တူညီ၍ မိတ်ဖက်ဖြစ်နိုင်သောအဖွဲ့အစည်းများ |

| | | |
|---|---|---|
| | *အဖွဲ့အစည်းတွင်းရှိ ဝန်ထမ်းများတွင် အဆိုပြုလွှာများကို ကောင်းမွန်စွာ ရေးသား နိုင်သော စွမ်းရည်ရှိပါသလား။ ထို့ပြင် ရန်ပုံငွေ ရရှိရန် ကြိုးပမ်း အားထုတ်ရာ၌ အောင်မြင်မှု ရှိခဲ့ဖူးပါသလား။ ထိုသို့ မဟုတ်ခဲ့ပါက ၄င်းကို အားနည်းချက်တစ်ရပ်အဖြစ်သတ်မှတ်ရမည် ဖြစ်သည်။ | ရှိပါသလား။)<br><br>*မိမိတို့ လုပ်ဆောင်လိုသော စီမံချက်နှင့် အတူ လက်တွဲလုပ်ဆောင်မည့် အဖွဲ့အစည်း ရှိပါသလား။<br><br>*မိမိတို့အဖွဲ့နှင့်ကိုက်ညီသည့် ရန်ပုံငွေအဆိုပြုလွှာ တင်ထားတာ ရှိပါသလား။ |
| စိန်ခေါ်မှုများ | **အားနည်းချက်များ** | **အန္တရာယ်များ** |
| | *သင့်ဝန်ထမ်းများတွင် ရှိနေသော စွမ်းရည်များ၌ ကွာဟမှုများ ရှိနေပါသလား။ အဖွဲ့ ဝင်များနှင့် ချိတ်ဆက်မှု ပြုရာတွင် ထူးချွန်သော ဝန်ထမ်း အများအပြားရှိပြီး အစီရင်ခံစာ ရေးသားရာ၌ ကောင်းမွန်စွာ ရေးသား နိုင်သူမှာအနည်းငယ်သာ ရှိနေခြင်းမျိုး ဖြစ်နေနိုင်သည်။<br><br>*သင့်အဖွဲ့ အစည်းအတွင်းတွင် ထိရောက် ကောင်းမွန်သော ဖွဲ့စည်းပုံ ရှိပါသလား။ ရလဒ်များ ထွက်ပေါ်နိုင်ရန်အတွက် အဟန့်အတားများ ရှိနေပါသလား။<br><br>အဖွဲ့အစည်း၏လှုပ်ရှားမှုများနှင့် ပတ်သက်၍ အများပြည်သူ သိရှိအောင် လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများ ရှိနေပါသလား။ | *သင့်အဖွဲ့ အစည်းက ကြိုးစား ရှာဖွေနေသော ရန်ပုံငွေရင်းမြစ်အတွက် အလားတူ ယှဉ်ပြိုင်ကြိုးစားနေသော အခြားအဖွဲ့ အစည်းများ ရှိနေပါသလား။<br><br>*သင့်အဖွဲ့ အစည်းက ဆောင်ရွက်နေသော လုပ်ငန်းစီမံချက်နှင့် အလားတူ စီမံချက်ကို ဖော်ဆောင်နေပြီး သင်၏မိတ်ဖက် မဟုတ်သော အခြားအဖွဲ့ အစည်းများ ရှိပါသလား။<br><br>*အရေးဆိုတင်ပြမှုနယ်ပယ်အတွင်းတွင် ပါဝင်ပတ်သက်နေသူများနှင့် ချိတ်ဆက်ရာ၌ အဟန့် အတားများ ရှိနေပါသလား။ (ဥပမာ- အစိုးရဌာနများ) |

## ၂.၂ အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ ဦးတည်ချက်ပန်းတိုင်များ ဖန်တီးခြင်း

အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ ဦးတည်ချက်ပန်းတိုင်များဆိုသည်မှာ မသန်စွမ်းသူများ၏ အခွင့်အရေး များ အလွယ်တကူ ချဉ်းကပ်ရယူမှု တိုးတက်လာစေရန် သင်လုပ်ဆောင်လိုသည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်သည်။ ဤအခန်းတွင် အရေးဆိုတင်ပြဆွေးနွေးမှုဆိုင်ရာ ဦးတည်ချက်ပန်းတိုင်များကို ဖန်တီးသွားမည် ဖြစ်ပြီး ၄င်းဦးတည်ချက်ပန်းတိုင်များကို ဦးစားပေး သတ်မှတ်လုပ်ဆောင်သွားမည်ဖြစ်သည်။

## ၂.၂.၁ ဦးတည်ချက်ပန်းတိုင်များ ချမှတ်ခြင်း

ပြီးခဲ့သည့် လေ့ကျင့်ခန်းတွင် သင့်အဖွဲ့အစည်း၏ အားသာချက်များ၊ အဖွဲ့အစည်းပြင်ပတွင် ကြုံတွေ့ရနိုင်သောအခွင့်အလမ်းများနှင့်စိန်ခေါ်မှုများ စသည်တို့ကိုဖော်ပြပေးသော "SWOT" လေ့လာဆန်းစစ်မှုတစ်ခုကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဦးတည်ချက်ပန်းတိုင်များ ချမှတ်ရာတွင် သင့်အဖွဲ့ အစည်းတွင်းနှင့် အဖွဲ့အစည်းပြင်ပ အခြေအနေများကို သိရှိမှတ်သားထားရန် အရေးကြီးပါသည်။ အောက်ပါ မေးခွန်းများကို စဉ်းစားကြည့်ပါ -

- ရပ်ရွာအသိုင်းအဝိုင်းအတွင်းတွင်မည်သည့်ပြဿနာများကြုံတွေ့နေပါသနည်း။
  ပြဿနာတစ်ခုကို ဖြေရှင်းနိုင်ရန်အတွက် သင့်အနေဖြင့်ဦးစွာထိုပြဿနာကိုခွဲခြားသိရှိရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် သင့်မြို့တွင် အမြင်အာရုံ မသန်စွမ်းသူများနှင့်ဝှီးချဲအသုံးပြုသူ မသန်စွမ်းသူများအတွက် (သို့မဟုတ်) စာတတ်မြောက်မှုအားနည်းသူများအတွက် အဆင်ပြေသောမဲဆန္ဒရှင်စာရင်းကြေညာခြင်း မရှိခြင်းမျိုး ဖြစ်နိုင်သည်။

- ပြဿနာ၏ အကြောင်းရင်းမှာ မည်သည့်အရာ ဖြစ်သနည်း။ အခွင့်အရေးများအား ချဉ်းကပ်ရယူနိုင်ခွင့်သည် အကြောင်းအမျိုးမျိုးကြောင့် ကန့်သတ်ခံရနိုင်သည်။ စစ်မှန်၍ ရေရှည်တည်တံ့သော ပြောင်းလဲမှုပြုလုပ်နိုင်ရန်အတွက် ပြဿနာ၏ အကြောင်းရင်းကို ဖော်ထုတ်ပြီး ၎င်းကိုအဓိကထားလုပ်ဆောင်ခြင်းဖြင့်ဖြေရှင်းနိုင်ပါသည်။ အဆင်ပြေသောမဲဆန္ဒရှင်စာရင်းစကြေညာခြင်းလုပ်ငန်းစဉ်အားနည်းမှုမှာရွေးကောက်ပွဲကော်မရှင်အဖွဲ့တွင်အားလုံးလက်လှမ်းမီပါဝင်နိုင်မှု အားကောင်းစေသော လုပ်ထုံးလုပ်နည်းများ အားနည်းနေခြင်းကြောင့်ဖြစ်သည်။

- ပြဿနာကို မည်သည့်အရာက ဖြေရှင်းပေးနိုင်မည်နည်း။ အထက်တွင် ပေးခဲ့သော ဥပမာ၌ အဆင်ပြေမည့် မဲဆန္ဒရှင်စာရင်းကြေညာခြင်းတွင် အားလုံးအကျုံးဝင်ပါဝင်နိုင်သောရွေးကောက်ပွဲ ဆိုင်ရာမူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ ရှိပါက ထိုပြဿနာ ပြေလည်သွားနိုင်မည် ဖြစ်သည်။

- ထိုအရာသည် သင့်အဖွဲ့အစည်းက လက်လှမ်းမီနိုင်သော နယ်ပယ်စက်ဝန်းအတွင်းတွင် ရှိပါသလား။ ဦးတည်ချက်ပန်းတိုင်တစ်ခုကို ဖန်တီးရာ၌ ထိုဦးတည်ချက်သည် သင့်အဖွဲ့ ့အစည်းက ရရှိအောင်မြင်နိုင်သော ဦးတည်ချက်တစ်ခု ဖြစ်နေရန် အရေးကြီးသည်။ သင့်အဖွဲ့ ့အစည်းအနေဖြင့် ရွေးကောက်ပွဲမဲဆန္ဒရှင် စာရင်းကောက်ယူခြင်းနှင့်ကြေညာခြင်း (သို့) ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကိစ္စကို ဦးတည်လုပ်ဆောင်နေပါက အထက်တွင်ဖော်ပြခဲ့သော ဥပမာသည် သင့်အဖွဲ့အစည်းအနေဖြင့် အရေးဆိုတင်ပြ လုပ်ဆောင်နိုင်သော ကိစ္စရပ်တစ်ခုဖြစ်ပေသည်။

ပြုပြင်ပြောင်းလဲမှုများအတွက် သင့်အနေဖြင့် မည်သို့အရေးဆိုတင်ပြရမည် ကို ချက်ချင်း လက်ငင်း ဆုံးဖြတ်ရန် မလိုအပ်ပါ။ ဤဖြစ်စဉ်နှင့်ပတ်သက်၍ ဤအခန်းတွင် တင်ပြဆွေးနွေးပေးသွားမည် ဖြစ်သည်။

သရုပ်ဖော်ကားချပ်(၃) တွင် သင့်အသိုင်းအဝိုင်းအတွင်း တွေ့ကြုံရသော ပြဿနာအချို့၊ ၎င်းတို့ကို ဖြစ်ပေါ်စေသော အကြောင်းရင်းများနှင့် ဖြစ်နိုင်ခြေရှိသော ဖြေရှင်းချက်များကို ထည့်ရေးပါ။ ဤအရေးဆိုတင်ပြမှုဆိုင်ရာ ဦးတည်ချက်ပန်းတိုင်များသည် သင့်အဖွဲ့အစည်းက လက်လှမ်းမီသော နယ်ပယ်စက်ဝန်း

အတွင်းရှိပါသလား။ ထိုသို့မဟုတ်ပါက အပြောင်းအလဲအတွက် အရေးဆိုတင်ပြရာတွင် ကြုံတွေ့လာနိုင်သော အခြားပြဿနာများကို ဆက်လက်၍ လေးနက်စွာ စဉ်းစားပါ။

### သရုပ်ဖော် ကားချပ် ( ၃ )

| ပြဿနာ | ဇာစ်မြစ် | ဖြေရှင်းနည်း | သင်လုပ်နိုင်စွမ်းရှိသည့် နယ်ပယ်အတွင်းရှိပါသလား | ရည်မှန်းချက် ပန်းတိုင် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

## ၂.၂.၂ ဦးတည်ချက်ပန်းတိုင်များကို ဦးစားပေးသတ်မှတ်လုပ်ဆောင်ခြင်း

ဦးတည်ချက်ပန်းတိုင်များကို ရောက်ရှိနိုင်ရန်အတွက် သင့်အဖွဲ့အစည်းအနေဖြင့် မည်သည့် ဦးတည်ချက်ပန်းတိုင်က အရေးအကြီးဆုံးဖြစ်သည်၊ မည်သည့်ဦးတည်ချက်ပန်းတိုင်က ချက်ချင်းအကောင်အထည်ဖော်ဆောင်ရန်လိုအပ်သည် စသဖြင့် ဆုံးဖြတ်သတ်မှတ်ရမည်ဖြစ်သည်။ သင့်နိုင်ငံတွင် မကြာမီကာလအတွင်း၌ ရွေးကောက်ပွဲကျင်းပရန်ရှိပါက "မသန်စွမ်းသူများအနေဖြင့် ၄င်းတို့ရွေးချယ် ထားသော အကူအညီပေးသူနှင့်အတူ မဲပေးခွင့်ရှိသည်ကို သိရှိကြောင်း သေချာစေရမည်" ဟူသော ဦးတည်ချက်ပန်းတိုင်သည် အရေးကြီးမည်ဖြစ်သည်။ လူတိုင်းအကျုံးဝင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ တစ်ရပ်ကို ဖန်တီးရန်လိုအပ်သော တရားဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဟူသည့် ဦးတည်ချက် ပန်းတိုင်သည်လည်း အရေးကြီးပါသည်။ သို့ရာတွင် ၄င်းဦးတည်ချက်ကို ရွေးကောက်ပွဲအလွန် ကာလအတွင်း၌ အကောင်အထည်ဖော်လျှင် ပိုမိုသင့်တော်မည်ဖြစ်သည်။ မည်သည့်ဦးတည်ချက် ပန်းတိုင်ကို ဦးစားပေးလုပ်ဆောင်ရမည်ကို ဆုံးဖြတ်နိုင်ရန် အောက်ပါကားချပ်ကို အသုံးပြုပါ။ သို့ရာတွင် ဤလေ့ကျင့်လုပ်ဆောင်မှုအနေဖြင့် "လက်ရှိအချိန်တွင် ဦးစားပေးအဆင့်မဟုတ်သော ဦးတည်ချက် ပန်းတိုင်များသည် အရေးမကြီး" "၄င်းဦးတည်ချက် ပန်းတိုင်များကို အကောင်အထည်မဖော်တော့" စသဖြင့်ဆိုလိုခြင်းမျိုးမဟုတ်ပါ။ အောက်ပါမေးခွန်းများကိုထည့်သွင်းစဉ်းစားကြည့်ပါ -

- သိပ်မကြာခင်အချိန်တွင် ကျင်းပမည့် အရေးကြီးသော လှုပ်ရှားမှုတစ်ခုခု ရှိပါသလား။ (ဥပမာ- ရွေးကောက်ပွဲ၊ ဥပဒေမူကြမ်းဆိုင်ရာ ဆွေးနွေးပွဲ စသဖြင့်) အစိုးရအဖွဲ့ဝင်များ၊ ပါဝင်ပတ်သက်သူများ အနေဖြင့် အရေးယူဆောင်ရွက်မှုပြုရန်အတွက် အမျိုးသားအဆင့်နှင့် ဒေသတွင်းအဆင့် လှုပ်ရှားမှုများမှာ အခွင့်အလမ်းတစ်ခုဖြစ်နိုင်သည်။ ဥပမာ- လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အနေဖြင့် နောက်တစ်ကြိမ် ရွေးကောက်ခံပါက ၎င်းအနေဖြင့် မဲဆွယ်နိုင်ရန်အတွက်သင်တင်ပြသော အကြောင်းအရာကို ပံ့ပိုးကူညီပေးနိုင်ခြေများမည်ဖြစ်သည်။

- လှုပ်ရှားဆောင်ရွက်မှု မပြုလုပ်မီတွင် အချိန်မည်မျှ ကျန်ရှိပါသနည်း။ အကယ်၍ လှုပ်ရှားဆောင်ရွက်မှုသည်လာမည့်သီတင်းပတ်အတွင်းဖြစ်မည်ဆိုလျှင် သင့်အနေဖြင့် အရေးဆိုတင်ပြခြင်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် လုံလောက်သော အချိန်ရမည်မဟုတ်ပေ။ အကယ်၍ (၂) လ (သို့) ထို့ထက် အချိန်ပိုရပါက သင့်အနေဖြင့် အကြိုလှုပ်ရှားမှုအချို့ပြုလုပ်ရန် အချိန်ရမည်ဖြစ်သည်။ အရေးဆိုတင်ပြမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုတစ်ခုအနေဖြင့် အချိန်မည်မျှကြာမြင့်မည်ကို အတိအကျ တွက်ချက်ပေးနိုင်သည့် နည်းလမ်းမရှိပေ။ အချို့အရေးဆို တင်ပြမှုဆိုင်ရာ လှုပ်ရှားမှုများသည် လပေါင်းများစွာကြာမြင့်ပြီး အချို့မှာ နှစ်ပေါင်းများစွာ ကြာမြင့်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ အချိန်အတိုင်းအတာကို ထည့်သွင်းစဉ်းစားပြီး ဦးစားပေးသတ်မှတ် လုပ်ဆောင်တတ်ရန် လိုအပ်ပါသည်။

- ဦးတည်ချက်ပန်းတိုင်များအနေဖြင့် မည်သည့်ဦးစားပေး အဆင့်တွင် ရှိပါသနည်း။ ချက်ချင်းလက်ငင်း (သို့) သိပ်မကြာတော့သော အနာဂတ်ကာလတွင် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သော ဦးတည်ချက်ပန်းတိုင်ကို အရေးကြီးဦးတည်ချက်ပန်းတိုင်ဟုသတ်မှတ်သည်။ အချို့သော ဦးတည်ချက်ပန်းတိုင်များသည်လည်း အရေးပါသည်။ သို့သော် ဦးစားပေးဖော်ဆောင်ရမည့် အရေးကြီးအဆင့် ဦးတည်ချက်များ မဟုတ်ကြပေ။ ဥပမာ- အစိုးရအဖွဲ့အတွင်းတွင် မသန်စွမ်းသူများကို ကိုယ်စားပြုနိုင်သော မသန်စွမ်းကိုယ်စားလှယ်ရှိနေစေရန် မသန်စွမ်းသူများ ရွေးကောက်ခံနိုင်ရေးသည် အရေးပါသော ဦးတည်ချက် ပန်းတိုင်တစ်ခုဖြစ်ပါသည်။ သို့သော် ၎င်းသည် အရေးတကြီးဖော်ဆောင်ရန် လိုအပ်သော ဦးတည်ချက်ပန်းတိုင်မဟုတ်ပေ။ သိပ်မကြာမီကာလတွင် ဦးတည်ချက်ပန်းတိုင်တစ်ခုနှင့် ဆက်စပ်သော လှုပ်ရှားမှုတစ်ခုကျင်းပရန်ရှိနေပါက ထိုဦးတည်ချက်ပန်းတိုင်သည် အရေးကြီးသော ဦးတည်ချက်တစ်ခုဖြစ်သွားပေမည်။ ဥပမာ- မဲရုံတာဝန်ရှိသူများအနေဖြင့် မသန်စွမ်းသူများကို ပံ့ပိုးကူညီပေးနိုင်ရန်အတွက် ရွေးကောက်ပွဲကာလအကြို သင်တန်းများတွင် မဲရုံတာဝန်ရှိသူများကို 'မသန်စွမ်းမှု' အကြောင်း ထည့်သွင်းပို့ချပေးခြင်းမျိုးဖြစ်သည်။

- ဦးတည်ချက်ပန်းတိုင်များကို ဦးစားပေးသတ်မှတ်လုပ်ဆောင်ပါ။ ဦးတည်ချက်ပန်းတိုင်များ၏ အရေးကြီးအဆင့်ကို ဆန်းစစ်လေ့လာပြီးချိန်တွင် ၎င်းဦးတည်ချက်ပန်းတိုင်ကို ရောက်ရှိအောင်မြင်မှုသည် အခြားဦးတည်ချက်များ၏ အောင်မြင်မှုနှင့်နှိုင်းယှဉ်လျှင် သင့်အဖွဲ့အစည်းအတွက်မည်မျှအရေးပါကြောင်းကို ထည့်သွင်းစဉ်းစားပါ။ အရေးကြီးမှုအဆင့်အလိုက်ဦးတည်ချက်

ပန်းတိုင်များကို နံပါတ်တပ်လိုက်ပါ။ သို့ရာတွင် အထက်တွင် ဖော်ပြထားခဲ့ပြီးဖြစ်သည့် အတိုင်း ထိပ်တန်းဦးစားပေးအဆင့်နေရာတွင် ရှိမနေသော ဦးတည်ချက်ပန်းတိုင်များမှာလည်း ဆက်လက် အရေးပါနေဆဲဖြစ်ပါသည်။

ပြီးခဲ့သည့် လေ့ကျင့်ခန်းတွင် သင်ချမှတ်ခဲ့သော အသိပညာပေးမှုဆိုင်ရာ ဦးတည်ချက် ပန်းတိုင်များကို ဦးစားပေးအဆင့် သတ်မှတ်လုပ်ဆောင်နိုင်ရန် နောက်စာမျက်နှာပါ ကားချပ်ကို အသုံးပြုပါ။

**သရုပ်ဖော် ကားချပ် ( ၄)**

| ရည်မှန်းချက် ပန်းတိုင် | ရည်မှန်းချက်နှင့် ဆက်စပ်နေသော လှုပ်ရှားဆောင်ရွက်မှု | လှုပ်ရှားဆောင်ရွက်မှု မတိုင်မီ အချိန် အတိုင်းအတာ | အရေးကြီး/မကြီး | ဦးစားပေးမှု |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

## ၂.၃ မဟာဗျူဟာမြောက် အစီအစဉ်အတွက် "S.M.A.R.T" ချဉ်းကပ်နည်း။

အရေးဆိုတင်ပြအသိပညာပေးမှုဆိုင်ရာ လှုပ်ရှားမှုတစ်ခုအတွက် အစီအစဉ်တစ်ခုကို ရေးဆွဲထားရှိရန် အရေးကြီးပါသည်။ အရေးဆိုတင်ပြအသိပညာပေးမှုဆိုင်ရာ လှုပ်ရှားမှုအများအပြားမှာ အောင်မြင်မှုရရှိရန် နှစ်ပေါင်းများစွာ ကြာမြင့်နိုင်ပါသည်။ ထို့ကြောင့် သင်လုပ်ဆောင်လိုက်သော လှုပ်ရှားမှုများသည် ပိုမိုကြီးမားသော ဦးတည်ချက်ပန်းတိုင် တစ်ခုအတွက် မည်သို့ပေါင်းစည်းပါဝင်နေသည်ကို စဉ်းစားကြည့်ပါ။ သင့်အဖွဲ့အစည်း၏ စွမ်းရည်ဆိုင်ရာ **"SWOT"** လေ့လာဆန်းစစ်မှုနှင့် ရေရှည်ဦးတည်ချက်ပန်းတိုင်များကို ခွဲခြားစိစစ်ပြီးနောက်တွင် ဦးတည်ချက် ပန်းတိုင်တစ်ခုကို ရွေးချယ်လိုက်ပါ။ ဦးတည်ချက်ပန်းတိုင်တစ်ခုသို့

ရေရှည်ဆက်နိုင်ရန်အတွက် အရင်းအမြစ်များကို မည်သို့ အသုံးပြုမည်ဖြစ်ကြောင်း အစီအစဉ်ချမှတ်ခြင်းနှင့် ပတ်သက်၍ ဤအပိုင်းတွင် တင်ပြပေးသွားမည်ဖြစ်သည်။

ကိစ္စရပ်တစ်ခုအတွက် အရေးဆိုတင်ပြအသိပညာပေးမှုဆိုင်ရာ မဟာဗျူဟာတစ်ရပ် စီစဉ်ချမှတ်ရာတွင် "S.M.A.R.T" ချဉ်းကပ်မှုနည်းလမ်းကို အသုံးပြုပါ။ သင့်အစီအစဉ်ကို အောက်ပါတို့ အတိုင်းဖြစ်အောင် လုပ်ဆောင်ပါ။

- **S= "specific"** 'တိကျသေချာသော'(သင်၏ရည်မှန်းချက်မှာ အဘယ်နည်း။ သင်အလိုရှိသော ရလဒ်မှာ အဘယ်နည်း။ တိကျသေချာမှုရှိပါစေ။)
- **M= "measurable"** 'ရေတွက်တိုင်းတာနိုင်သော' (သင်၏ ပြီးမြောက်အောင်မြင်မှုမှတ်တိုင် များမှာ အဘယ်နည်း။ ၄င်းတို့ကို စာရင်းပြုစုထားပါ။)
- **A= "achievable"** 'ရရှိအောင်မြင်နိုင်သော' (သင်၏ဦးတည်ချက်များကို အောင်မြင်မှုရရန် လက်တွေ့ကျပြီး ဆီလျော်မှုရှိသော ဦးတည်ချက်များဖြစ်အောင်လုပ်ပါ။ အကောင်အထည် ဖော်နိုင်ရန်အတွက် အရင်းအမြစ်နှင့် စွမ်းရည်ရှိသည့် လုပ်ငန်းများကိုသာ ကြိုးပမ်းလုပ်ဆောင်ပါ။ )
- **R= "resource-linked"** 'အရင်းအမြစ်များကို ချိတ်ဆက်နိုင်သော' (သင့်အနေဖြင့် လူစွမ်းအားနှင့် ငွေကြေးဆိုင်ရာ မည်သို့သော အရင်းအမြစ်များကို ရရှိနိုင်ပါသနည်း။ အရေးပါပြီး သင့်ထံတွင် မရှိသော အရင်းအမြစ်များ ရှိပါသလား။)
- **T= "time-bound"** 'အချိန်သတ်မှတ်ထားသော' (သင်ကြိုးပမ်းလုပ်ဆောင်နေသော လုပ်ငန်းစဉ် အတွက် အချိန်သတ်မှတ်ထားမှုကို ဖော်ပြပါ။ ထိုအချိန်သတ်မှတ်မှုတွင် ပါဝင်သော အဆင့်များမှာ အဘယ်နည်း။ အသိပညာပေးမှုဆိုင်ရာ အစီအစဉ်အတွက် လုံလောက်သော အချိန်ပေးမှုရှိရန် အသေအချာ လုပ်ဆောင်ပါ။ )

ကောင်းမွန်သော အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ မဟာဗျူဟာတစ်ရပ်အတွက် အောက်ပါမေးခွန်းများ ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

- **'what'** သင့်အနေဖြင့် မည်သည့်အရာကို ရရှိအောင်မြင်လိုပါသနည်း။
- **'who or where'** သင့်အနေဖြင့် မည်သူတို့ကို မည်သို့သော အခြေအနေမျိုးတွင် အရေးဆိုတင်ပြပညာပေးစည်းရုံးရန် လိုအပ်ပါသနည်း။
- **'when'** သင်၏ ယေဘုယျ အချိန်အတိုင်းအတာ ကန့်သတ်ချက်မှာ အဘယ်နည်း။ အရေးပါသည့် ပြီးမြောက်အောင်မြင်မှုမှတ်တိုင်များ ရှိပါသလား။

- အသုံးပြုရန် အသင့်တော်ဆုံး အရာများမှာ အဘယ်နည်း။ စစ်မှန်၍ လက်တွေ့ကျသော လုပ်ဆောင်ချက်။
  သင့်စီမံကိန်း အလုပ်ဖြစ်စေရန် လိုအပ်သော လှုပ်ရှားမှုများကို ကြိုတင်စီစဉ်ထားပါ။ ထိုလှုပ်ရှားမှုများ အောင်မြင်ရန်အတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသူများကို မည်သို့အသိပညာပေး စည်းရုံးမည်ကို ကြိုတင်စီစဉ်ပါ။
- 'resources'- 'အရင်းအမြစ်များ'- သင့်ဦးတည်ချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် လိုအပ်သော ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် လူစွမ်းအားအရင်းအမြစ်များမှာ အဘယ်တို့နည်း။

အရေးဆိုတင်ပြဆွေးနွေးမှုဆိုင်ရာ အစီအစဉ်တစ်ခုကို စတင်ချမှတ်ပုံဖော်ကြည့်နိုင်ရန်အတွက် အောက်ပါ သရုပ်ဖော်ကားချပ် (chart) အတွင်း လိုက်လံဖြည့်စွက်ပါ။

**သရုပ်ဖော် ကားချပ် ( ၅ )**

| လုပ်ငန်းစဉ် | မည်သူက လုပ်မည်နည်း | ဘယ်အချိန်တွင် လုပ်မည်နည်း | လိုအပ်သော လူသားအရင်းအမြစ် | လိုအပ်သော ငွေကြေးအရင်းအမြစ် | သင့်၏ ရည်မှန်းချက် ပန်းတိုင်ကို မည်သို့ ရောက်အောင် လုပ်ဆောင် မည်နည်း။ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

### ၂.၃.၁ လွယ်လင့်တကူလက်လှမ်းမီရယူသုံးစွဲနိုင်သော အများပြည်သူသုံးဝန်ဆောင်မှုများ လှုပ်ရှားဆောင်ရွက်မှု၏ "S.M.A.R.T" လေ့လာဆန်းစစ်မှု

အရေးဆိုတင်ပြအသိပညာပေးမှုဆိုင်ရာ ဦးတည်ချက်ပန်းတိုင်- "အများပြည်သူသုံးအဆောက်အအုံ၊ အများပြည်သူသုံးနေရာများနှင့် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများတွင် မသန်စွမ်းသူများ၊

သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များပါ လက်လှမ်းမီ လွယ်ကူစွာ သွားလာအသုံးပြုနိုင်ရေး အတွက် မူဝါဒတစ်ရပ်ချမှတ် ပြဋ္ဌာန်းဆောင်ရွက်ပေးပါရန်။"

**၁။တိကျသေချာမှု "specific"**

(၁) အများပြည်သူသုံးနေရာများနှင့်အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများတွင် မသန်စွမ်းသူများ၊သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များပါ လက်လှမ်းမီ လွယ်ကူစွာ သွားလာ အသုံးပြုနိုင်ရေးဆိုင်ရာ မူဝါဒတစ်ရပ် အမြန်ဆုံး ရေးဆွဲ ပြဋ္ဌာန်း အတည်ပြုပေးပါရန်၊

(၂) ယင်းမူဝါဒကို ပြည်ထောင်စုအစိုးရက အမိန့်ညွှန်ကြားချက်တစ်ရပ်အဖြစ် ထုတ်ပြန်ကြေညာ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ၊ တိုင်းဒေသကြီး၊ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အာဏာပိုင်အဖွဲ့အစည်းများ၊ပုဂ္ဂလိက ဌာနများကို အကောင်အထည်ဖော်ရေး လမ်းညွှန်တိုက်တွန်းရန်၊

(၃)ဤမူဝါဒအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မသန်စွမ်းအဖွဲ့အစည်းများထံမှ အကြံဉာဏ်ရယူ၍ လုပ်ငန်းအထောက်အကူပြု Accessibility Guideline ပြုစုဆောင်ရွက်ရန်၊

(၄) ဤမူဝါဒကို အမှန်တကယ်လိုက်နာဆောင်ရွက်မှု ရှိ/မရှိ စောင့်ကြည့်ရန် နှင့် အရေးယူရန်၊

(၅) မသန်စွမ်းသူများအပါအဝင် အများပြည်သူ အားလုံးအတွက် လှုပ်ရှားသွားလာမှု လွယ်ကူအဆင်ပြေပြီး အတားအဆီးကင်းသော စံပြမြို့နယ်တစ်ခု ဖော်ဆောင်ပေးပါရန် ( ရန်ကုန်တိုင်းဒေသကြီးအတွင်း )။

**၂။တိုင်းတာရေတွက်နိုင်မှု "measurable"**

(၁) လုပ်ငန်းအထောက်အကူပြု Accessibility Guideline ပြုစုဆောင်ရွက်ပြီးစီးခြင်း၊

(၂) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့သစ်စီမံကိန်းဖော်ဆောင်ရာတွင် မသန်စွမ်းသူများအပါအဝင် အများပြည်သူ အားလုံးအတွက် လှုပ်ရှားသွားလာမှု လွယ်ကူအဆင်ပြေပြီး အတားအဆီးကင်းသော စံပြမြို့နယ်တစ်ခု ဖော်ဆောင်ပေးခြင်း၊

(၃) လွှတ်တော်များတွင် မသန်စွမ်းသူများနှင့်သက်ဆိုင်သည့် အဆိုများ တင်သွင်းခြင်း၊

(၄) ပြည်ထောင်စုအစိုးရက မူဝါဒဖော်ဆောင်ရွက်ရန်အတွက် အမိန့်ညွှန်ကြားချက်ထုတ်ပြန်ကြေညာခြင်း။

**၃။ရရှိအောင်မြင်နိုင်မှု "achievable"**

(၁) အရေးဆိုတင်ပြအသိပညာပေးကာလအတွင်းတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးချုပ်များကို ကောင်းစွာစည်းရုံးနိုင်၊

(၂) ၂နှစ်အတွင်း **Accessability Guideline** ထွက်ရှိ၊

(၃) တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တိုင်းဒေသကြီးလွှတ်တော်နှင့်ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ မှ မေးခွန်းများ မေးမြန်းခြင်း ၊

(၄) မြို့ပြစီမံချက်များတွင် မသန်စွမ်းသူများအကျုံးဝင်အစီအမံများ ပါဝင်လာခြင်း။

**၄။ အရင်းအမြစ်များ ချိတ်ဆက်ရရှိနိုင်မှု "resource-linked"**

(၁) ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော် ( သို့ ) ပြည်ထောင်စုလွှတ်တော် နှင့် မသန်စွမ်းအဖွဲ့အစည်း များ ပူးပေါင်းအကြံဉာဏ်ရယူဆောင်ရွက်ပါရန်၊

(၂) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ အာဏာ ပိုင်အဖွဲ့အစည်းအားလုံး၊စည်ပင်သာယာရေးကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၃) လုပ်ဆောင်သွားမည့် လှုပ်ရှားမှု- **'activities"** များအတွက် လုံလောက်သော ရန်ပုံငွေ။

**၅။ အချိန်အတိုင်းအတာသတ်မှတ်ထားမှု "time-bound"**

(၁) လက်ရှိအစိုးရသက်တမ်း ငါးနှစ် ( ၂၀၁၆-၂၁)အတွင်း ဦးစားပေးဆောင်ရွက်စေရန်၊

(၂) ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် အခြားသော ဆက်စပ်ဌာနများထံ အရေးဆိုတင်ပြ စည်းရုံးခြင်းနှင့် ပြန်လည်ဆန်းစစ်သုံးသပ်မှုအတွက် (၂) နှစ်၊

(၃) ညှိနှိုင်းအစည်းအဝေးများကို တစ်နှစ်တစ်ကြိမ်ပြုလုပ်ရန် နှင့် **Accesssability Guideline** ပြုစုရေး ကော်မတီ ကို တစ်နှစ်အတွင်းဖွဲ့စည်းရန်။

## ၂.၄ ပါဝင်ပတ်သက်သူများကို လေ့လာသုံးသပ်ခြင်း

အထက်ပါ နည်းလမ်းကို အင်္ဂလိပ်လို **(Stakeholders Mapping or Stakeholders Analysis)** ဟု လူအများသိပြီး အဖွဲ့အစည်း အများစုသည် အထက်ပါ နည်းလမ်းကို မိမိတို့အဖွဲ့အစည်းများနှင့် အဓိက အလုပ်လုပ်နေသူများကို သိလိုသောအခါ အသုံးပြုကြသည်။ အားသာချက်မှာ မိမိ အလုပ်လုပ်ကိုင်နေသည့် ပတ်ဝန်းကျင်က အဓိက ပါဝင်ပတ်သက်နေသူများကို လက်တွေ့သိမြင်သွားပြီး ၎င်းတို့၏ အခန်းကဏ္ဍပါ သိရှိသွားခြင်းဖြစ်သည်။

မိမိအဖွဲ့အစည်းက အခြားပါဝင်ပတ်သက်သူများကို သုံးသပ်လိုသောအခါ ၁) အဖွဲ့ငယ်လေးများ ( သို့မဟုတ်) တစ်ဦးချင်း ထားပါ။ ၂) မိမိအဖွဲ့အတွင်းသို့ ရောင်စုံ စက္ကူဖြင့် ဖြစ်စေ စာရွက်အဖြူဖြင့် ဖြစ်စေ မိမိ အဖွဲ့နှင့် ဆက်စပ် လုပ်ကိုင်နေရသူများကို ချရေးခိုင်းပါ။ ၃) ထို့နောက် အားလုံးကို ပြန်စုစည်းပြီး နံရံ ( သို့မဟုတ် ) စာရွက်အလွတ်တွင် တူရာစုလိုက်လျှင် မိမိတို့ အဖွဲ့အစည်းနှင့် အများဆုံး အလုပ်လုပ်ရသည့် ဌာန ( သို့မဟုတ်) လူပုဂ္ဂိုလ်များ အရင်းသားထွက်ပေါ်လာမည်ဖြစ်ပါသည်။ ထိုရလဒ်များ ရရှိပြီးလျှင် မိမိတို့အဖွဲ့အစည်း အနေဖြင့် မည်သို့ ဆက်လက် ဆောင်ရွက်ရမည် (သို့မဟုတ်) မည်သို့ချဉ်းကပ်ရမည် ကို ဆက်လက် စဉ်းစားလို့ရပြီဖြစ်သည်။

## ၂.၄.၁ ပါဝင်ပတ်သက်သူများ၏ လုပ်ကိုင်နိုင်ခွင့် အခန်းကဏ္ဍကို လေ့လာသုံးသပ်ခြင်း

မသန်စွမ်းသူများ သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် မိမိတို့တွဲဖက်အလုပ်လုပ်နေရသည့် အဖွဲ့အစည်းများ နှင့် ခေါင်းဆောင်များသည် မည်သို့ လုပ်ပိုင်ခွင့် အာဏာများရှိသည်ကို သိရှိပါက မိမိတို့အနေဖြင့် ပစ်မှတ်ကို သိပြီဖြစ်သောကြောင့် ကောင်းစွာချိန်တွယ်၍ ပစ်ရန်သာလိုတော့သည်။ ထိုသို့ သိရှိရန်အတွက်မှ မိမိလုပ်ဆောင်မည့် စီမံကိန်း သို့မဟုတ် အစီအစဉ်အပေါ် မူတည်၍ လူအချို့၏ အရေးကြီးမှု ၊ အရေးမကြီးမှု ကွာခြားသွားနိုင်သည်။ ဥပမာ မသန်စွမ်းသူများအရေးနှင့်ပတ်သက်သည့် ဝန်ကြီးဌာနဆိုလျှင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို အဓိက မြင်မည်ဖြစ်သည်။ ထို့နောက်ထပ်မံ ခွဲခြားသုံးသပ်လျှင် လူမှုဝန်ထမ်းဦးစီးဌာန (မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး ဌာနခွဲ) သည် ပိုမိုပါဝင် ပတ်သက်နေသည်။

# အခန်း (၃) အရေးဆိုတင်ပြဆွေးနွေးမှုဆိုင်ရာ နည်းလမ်းအဖြာဖြာ

## အရေးဆိုတင်ပြဆွေးနွေးသူများနှင့် ဆက်သွယ်ချိတ်ဆက်နည်းများ။

မူဝါဒရေးဆွဲချမှတ်သူများနှင့်တိုက်ရိုက်ဆက်သွယ်ချိတ်ဆက်ခြင်း (ဖုန်းခေါ်ဆိုခြင်း၊ သွားရောက်တွေ့ဆုံခြင်း)

ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသူများကို စည်းရုံးနိုင်ရန် ပြင်ပမှနေ၍ အောက်ခြေအဆင့်၊ ကြိုးပမ်း အားထုတ်မှုများ။ (လက်မှတ်ထိုးလှုပ်ရှားမှုများကို ဦးဆောင်ခြင်း၊ ပေးစာများ ရေးသားခြင်း၊ ကြေညာချက်များ ထုတ်ပြန်ခြင်း၊ ဆန္ဒထုတ်ဖော်မှုများ စီစဉ်လုပ်ဆောင်ခြင်း)

မသန်စွမ်းအဖွဲ့များ အချင်းချင်း ချိတ်ဆက်ခြင်းနှင့် အခြားသော အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်ချိတ်ဆက်ခြင်း။ အဖွဲ့ဝင်များ၊ ပံ့ပိုးကူညီသူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း။ (သတင်းအချက်အလက်များ မျှဝေခြင်း၊ နိုင်ငံရေးသမားများ၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့များနှင့် တွေ့ဆုံရန် ကြိုတင်ပြင်ဆင်ခြင်း။)

## ၃.၁ အစိုးရတာဝန်ရှိသူများနှင့် ဆက်သွယ်ချိတ်ဆက်ခြင်း

အစိုးရတာဝန်ရှိသူများနှင့် ဆက်သွယ်ချိတ်ဆက်ရန် နည်းလမ်းတစ်ခုခုကို ရွေးချယ်ရာတွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်နှင့် သဘောတူစာချုပ်တစ်ခု (သို့) သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ထိုးခြင်းကဲ့သို့ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထို့ပြင် သင်အရေးဆိုတင်ပြဆွေးနွေးလိုသော အုပ်စု (သို့) လူပုဂ္ဂိုလ်တစ်ယောက်ချင်းစီအတွက် အထိရောက်ဆုံး ဖြစ်စေမည့်အရာကို ထည့်သွင်းစဉ်းစားပါ။ ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသူများကို စည်းရုံးနိုင်မည့် အသုံးများသော နည်းလမ်းများတွင် အောက်ပါ နည်းလမ်းများ ပါဝင်သည်။

(၁)- အစီရင်ခံတင်ပြလွှာ (position paper)၊

(၂)- ရွေးကောက်ခံရသော တာဝန်ရှိသူများအတွက် သတင်းအချက်အလက် စုစည်းတင်ပြမှု၊

(၃)- အစိုးရတာဝန်ရှိသူများထံသို့ ပေးစာ၊

(၄)- အစိုးရ တာဝန်ရှိသူများနှင့် လူချင်းတွေ့ဆုံခြင်း၊

(၅)- မူဝါဒပိုင်းဆိုင်ရာ ဆွေးနွေးနိုင်မည့်အစီအစဉ်တစ်ခုကို ဖန်တီးခြင်း၊

(၆) ချီတက်မှုများ/ ဆန္ဒထုတ်ဖော်မှုများ၊

(၇)- လက်မှတ်ထိုးလှုပ်ရှားမှု၊

(၈)- အခမ်းအနားတစ်ခု (သို့) လက်တွေ့ လုပ်ငန်းခွင်နေရာသို့ လွှတ်တော်ကိုယ်စားလှယ် /အစိုးရအဖွဲ့ဝင်များ ကို ဖိတ်ကြားခြင်း

(၉) မေးခွန်းမေးမြန်းချိန်တွင် မေးခွန်းတင်သွင်းမေးမြန်းခြင်း (လွှတ်တော်အတွင်း)၊

(၁၀)- တရားဝင် သက်သေပြုခြင်း၊

(၁၁)- **ဥပဒေကြမ်းကို ရေးဆွဲဖန်တီးခြင်း နှင့် ဥပဒေ ပြင်ဆင်ချိန်တွင် ပါဝင်ခြင်း၊**

(၁၂) တယ်လီဖုန်းခေါ်ဆိုခြင်းနှင့် စာတို "message"ပို့ခြင်း။

*** (နည်းလမ်းတစ်ခုစီအတွက် သက်ဆိုင်ရာဖော်ပြချက်များကို ဤအခန်းတွင် ထည့်သွင်းပေးထားပါသည်။)**

**(၁) အစီရင်ခံ တင်ပြလွှာ (position papers)**

ခိုင်မာအားကောင်းသော အစီရင်ခံ တင်ပြလွှာကို ရေးသားခြင်းသည် သင့်၏ အရေးဆိုတင်ပြတောင်းဆိုခြင်း လုပ်ဆောင်မှုဆိုင်ရာ ခေါင်းစဉ်ကို ယုံကြည်လက်ခံလာအောင် ဆောင်ရွက်နိုင်သော နည်းလမ်းတစ်ခု ဖြစ်သကဲ့သို့ သင်ပေးလိုသည့် သတင်းစကား ရှင်းလင်းတိကျမှုရှိရန်လည်း သေချာစေသည်။ ထို့အပြင် မသန်စွမ်းအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မတူကွဲပြားသော အုပ်စုများကို ပြောကြားရာတွင် အစီရင်ခံ တင်ပြလွှာသည် ကိုးကားချက်တစ်ခုအဖြစ်လည်း အသုံးဝင်သည်။ (ဥပမာ။ မီဒီယာ၊ သင့်အဖွဲ့အစည်း၏ အဖွဲ့ဝင်များ၊ ရွေးကောက်ခံရသော တာဝန်ရှိသူများ။)

**အကြောင်းအရာ( content)**

- ပြဿနာကိုရှင်းလင်းဖော်ပြခြင်း။
  လူမှုဆိုင်ရာ ပြဿနာ (သို့မဟုတ်) သင်လုပ်ဆောင်လိုသည့် အပြောင်းအလဲကိုဖော်ပြပါ။ တိကျသော ကိန်းဂဏန်းဆိုင်ရာ နှိုင်းယှဉ်အချက်အလက်များကို များနိုင်သမျှများများ အသုံးပြုပါ။
- နောက်ခံသမိုင်းအခြေအနေ။
  ပြဿနာ ကြီးထွားလာပုံ (သို့) အချိန်နှင့်အမျှ လိုက်လံပြောင်းလဲလာပုံတို့ကို အတိုချုပ်ဖော်ပြပါ။ လက်ရှိတည်ဆဲဥပဒေနှင့် အခြားသော မူဝါဒများ ချမှတ်အတည်ပြုခဲ့ပုံကို အတိုချုပ်ဖော်ပြပါ။
- ပြုပြင်ပြောင်းလဲမှုအတွက်ငြင်းခုံဆွေးနွေးချက်များ။
  လက်ရှိမူဝါဒများ၏ အားနည်းချက်နှင့် အလိုရှိသော ရလဒ်တို့ကို တိကျရှင်းလင်းစွာ ဖော်ပြပါ။ ဖြစ်နိုင်ချေရှိသော ငြင်းခုံကန့်ကွက်မှုများအတွက် အသေအချာ မျှော်လင့်ပြင်ဆင်ထားပါ။
- တိကျရှင်းလင်းသောအချိန်အတိုင်းအတာ။
  လိုအပ်ချက်များနှင့် ပြုပြင်ပြောင်းလဲမှုတို့၏ ဦးစားပေးအရေးကြီးအဆင့်ကို အလေးထားပါ။ မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်မည်ကို တိကျရှင်းလင်းမှုရှိပါစေ။

**ပုံစံများ(format)**

- များသောအားဖြင့် အစီရင်ခံ တင်ပြလွှာကို ပုံစံအမျိုးမျိုးဖြင့် ဖန်တီးရန် လိုအပ်သည်။
- အဖွဲ့အစည်းအတွင်း အသုံးပြုမှုအတွက် ပြည့်စုံတိကျသော မူရင်းပုံစံ။ အဖွဲ့အစည်း၏ အဖွဲ့ဝင်များကို ဝေမျှရန်၊ အင်တာနက်စာမျက်နှာ 'website' ပေါ်တင်ရန်၊ သတင်းထုတ်ပြန်ကြေညာချက်များတွင် ဆောင်းပါးများအဖြစ် ပြောင်းလဲဖန်တီးရန်နှင့် ညီလာခံများအတွက် မိန့်ခွန်းစကားများအဖြစ် အသုံးပြုရန် ပြည့်စုံတိကျသော မူရင်းပုံစံကို အသုံးပြုနိုင်သည်။
- အတိုချုပ်ထားသောပုံစံ- (ရွေးကောက်ခံ တာဝန်ရှိသူများ) ရွေးကောက်ခံရသော တာဝန်ရှိသူများတွင် စာဖတ်ချိန် သိပ်မရှိပေ။ ထို့ကြောင့် သင့်အစီရင်ခံ တင်ပြလွှာပါ အရေးကြီး အချက်အလက်များကို အကျဉ်းချုံး၍ စာမျက်နှာ တစ်မျက်နှာ၊ နှစ်မျက်နှာစာခန့် အတိုချုပ်ပေးရမည်ဖြစ်သည်။ လျင်မြန်စွာ လေ့လာဖတ်ရှုရန်အတွက် အချက်လေးများအဖြစ် တင်ပြပေးထားသော "bullet list" ပုံစံမှာ အလွယ်ကူဆုံးဖြစ်သည်။
- ဘာသာပြန်ထားသောပုံစံ-
  သင့်အနေဖြင့် အစီရင်ခံတင်ပြလွှာကို ဘာသာစကားတစ်ခုထက်မက ဘာသာပြန်ထားသော ပုံစံများ လုပ်ဆောင်ထားရန် လိုအပ်သည်။ (သို့မဟုတ်) အဆင်ပြေစေမည့်ပုံစံ (accessible format) များဖြင့်ထုတ်ဝေနိုင်ရန် လိုအပ်သည်။ Microsoft Word - စာဖိုင်လ်အတော်များများကို မျက်နှာပြင်ဖတ်ခြင်း (screen reader) ဖြင့် ဖတ်ရှုနိုင်ပါသည်။

## (၂) ရွေးကောက်ခံ တာဝန်ရှိသူများအတွက် အထောက်အကူပြု သတင်းအချက်အလက်များ စုစည်းပေးမှု

တာဝန်ရှိသူတစ်ယောက်နှင့် ဆက်ဆံရေး ပြေပြစ်ချောမွေ့ပြီး ၎င်းထံမှ ကူညီပံ့ပိုးမှုရရန် လွယ်ကူသော နည်းလမ်းတစ်ခုမှာ အတိုချုပ် အစီရင်ခံတင်ပြလွှာအပြင် သင်လုပ်ဆောင်နေသော ကိစ္စရပ်နှင့်ပတ်သက် သည့်သုတေသန အချက်အလက်များဖြစ်သည်။

ဥပမာအားဖြင့် လွှတ်တော်အဆင့်တွင် ကော်မတီများ၌ တာဝန်ပေးခံရသော လွှတ်တော်ကိုယ်စား လှယ်များသည် ၎င်းတို့ရင်းနှီးကျွမ်းဝင်မှုနည်းပါးသော ဥပဒေမူကြမ်းများကို လေ့လာတင်ပြရန် တာဝန်ရှိ သည်။ အခြားသော အစိုးရဝန်ကြီးဌာနများက တာဝန်ရှိသူများအနေဖြင့် သင့်ကိစ္စရပ်ကို အလေးမပေး ခြင်းမျိုးလည်းဖြစ်နိုင်သည်။ သင့်အနေဖြင့် သင်ကျွမ်းကျင်သော ကိစ္စရပ်အတွက် ရှင်းလင်းတင်ပြချက် (presentation) ပြင်ဆင်ပြီး ၎င်းတို့၏ အလုပ်ဝန်ထုပ်ဝန်ပိုးကို သက်သာစေအောင် ကူညီပေးနိုင်မည်ဆိုပါ က သင်၏ အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ လုပ်ဆောင်မှုအပေါ် ၎င်းတို့၏ ယုံကြည်မှု၊ လေးစားမှုနှင့် ပံ့ပိုးကူညီမှုတို့ တိုးတက်လာမည်ဖြစ်သည်။

## (၃) အစိုးရ တာဝန်ရှိသူများထံပေးစာ

တာဝန်ရှိသူတစ်ယောက်ထံသို့ ပေးပို့သောစာသည် လိုရင်းတိုရှင်းဖြစ်သင့်သည်။ ထိုပေးစာအနေဖြင့် စာမျက်နှာ တစ်မျက်နှာခွဲထက် မပိုသင့်ပေ။ လက်ရေးမှုဖြင့်ရေးသားပေးပို့ခြင်းထက် ကွန်ပျူတာဖြင့် စာစီပေးပို့ခြင်းက ပိုမိုကောင်းမွန်သောအကျိုးသက်ရောက်မှုရရှိနိုင်ပါသည်။ ထိုစာများကို စာတိုက်မှတစ်ဆင့် လိပ်မူ၍သော်လည်းကောင်း၊ အီးမေးလ်/ဖက်(စ်) ဖြင့်သော်လည်းကောင်း လူကိုယ်တိုင်သော်လည်းကောင်း ပေးပို့နိုင်သည်။

စာရေးသားရာ၌ သင့်လျော်မှန်ကန်သော အသုံးအနှုန်းများဖြင့် ရေးသားပါ။ ပုံမှန်အားဖြင့် သင်တင်ပြလိုသည့်ကိစ္စရပ်ကို စိတ်အားထက်သန်စွာ ရေးသားမည်ဖြစ်သော်လည်း တာဝန်ရှိသူထံသို့ ရေးသားရာတွင် ဘာသာစကား အသုံးအနှုန်း ညင်သာပျော့ပျောင်းရန် လိုအပ်ပါသည်။ အကောင်းမွန်ဆုံး စာများတွင် အောက်ပါအချက်များ ပါဝင်ကြပါသည်။

- အကြောင်းအရာ- 'subject line' (ဥပမာ- မသန်စွမ်းသူများအတွက် လွှတ်တော်နေရာဆိုင်ရာ ဥပဒေမူကြမ်း အမှတ် _ )
- နှုတ်ခွန်းဆက်- 'greeting'
- သင်သည် မည်သူမည်ဝါဖြစ်သည် (သို့) သင့်အဖွဲ့အစည်းသည် မည်သည့်အဖွဲ့အစည်းဖြစ်သည်။
- ထိုပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းအား မည်သည့်အရာကို လုပ်စေလိုပါသနည်း။ (သင်၏ဖြေရှင်းချက်)
- ပြဿနာသည် မည်သည့်အရာဖြစ်သည်။
- အဘယ်ကြောင့် ဖြေရှင်းချက်တစ်ခု လိုအပ်သည်။
- ၎င်းတို့အား လုပ်ဆောင်ပေးစေလိုသော အရာကို နောက်တစ်ကြိမ် ပြန်ပြောပါ။
- အပိတ်စကား။

ဖော်ပြပါ ပုံစံအတိုင်း ရေးသားထားသော နမူနာစာတစ်စောင်ကို အောက်တွင်ဖော်ပြပေးထားပါသည်။

အကြောင်းအရာ။ ။ရွေးကောက်ပွဲတွင် တန်းတူပါဝင်နိုင်ခွင့်”

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ တန်းတူညီမျှစွာ ပါဝင်ခွင့်ကို ပြသသော ကြေညာချက်တစ်စောင် ထုတ်ပြန်ပေးခြင်းဖြင့် လူကြီးမင်းအနေနှင့် လာမည့်ရွေးကောက်ပွဲတွင် မသန်စွမ်းသူများ ပါဝင်နိုင်ရေးကို ထောက်ခံကြောင်း ပြသပေးရန်တောင်းဆိုအပ်ပါသည်။

ကျွန်တော်၊ ကျွန်မတို့၏ မသန်စွမ်းအဖွဲ့အစည်း _ သည် မသန်စွမ်းသူများအတွက် မသန်စွမ်းသူများဖြင့်ဖွဲ့စည်းထားပြီး ရွေးကောက်ပွဲတွင်တန်းတူပါဝင်ခွင့်ရရှိရေးအတွက် အသိပညာပေးအစီအစဉ်များ လုပ်ဆောင်ခဲ့သည်မှာ နှစ်ပေါင်း (၂၀) ရှိပြီဖြစ်ပါသည်။

ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတို့က အခွင့်အရေးများကို အကာအကွယ်ပေးထားသော်လည်း ရွေးကောက်ပွဲတွင် မသန်စွမ်းသူတိုင်း ပါဝင်နိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ မသန်စွမ်းသူများရွေးကောက်ပွဲတွင် တန်းတူပါဝင်ခွင့်ရရှိရေးအတွက် ဝန်ကြီးဌာနက ကြေညာချက်တစ်ခုထုတ်ပြန်ပေးပါက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားတိုင်း အပြည့်အဝအကျုံးဝင်မှုအတွက် တိုးတက်လုပ်ဆောင်နေကြောင်း ပြသရာရောက်မည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

သင့်လက်မှတ်

သင့်အမည်၊ ရာထူး၊ သင့်အဖွဲ့အစည်း။

## (၄)အစိုးရ တာဝန်ရှိသူများနှင့် လူချင်းတွေ့ဆုံခြင်း

တာဝန်ရှိသူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်းသည် ထိရောက်မှုမြင့်မားသော အရေးဆိုတင်ပြ အသိပညာပေးမှုဆိုင်ရာ နည်းလမ်းတစ်ခုဖြစ်သည်။ မျက်နှာချင်းဆိုင်တွေ့ဆုံခြင်းသည် ပို၍ပေါ့ပါးရင်းနှီးပြီး မှတ်မိလွယ်စေနိုင်သည်။ ထိုသို့တွေ့ဆုံမှုတွင် အောင်မြင်ပါက သင့်အဖွဲ့အစည်းအနေဖြင့် နောင်ကာလများတွင်လည်း ထိုရွေးကောက်ခံပုဂ္ဂိုလ်နှင့်ဖြစ်စေ၊ ဝန်ကြီးဌာန တာဝန်ရှိသူနှင့်ဖြစ်စေ အကျိုးရှိသောဆက်ဆံရေးမျိုး ထူထောင်နိုင်မည်ဖြစ်သည်။

တွေ့ဆုံမှုအတွက် စီစဉ်ခြင်း

- အစိုးရတာဝန်ရှိသူများနှင့် မည်သို့ဆက်သွယ်ချိတ်ဆက်ရမည်ကို စုံစမ်းပါ၊
- တွေ့ဆုံခွင့်အတွက် ခွင့်တောင်းပါ၊
- ရသမျှအချိန်ကို အကောင်းဆုံး အသုံးချနိုင်ရန်အတွက် တွေ့ဆုံချိန်မည်မျှရနိုင်သည်ကို မေးမြန်းထားပါ။

တွေ့ဆုံမှုအတွက် ပြင်ဆင်ခြင်း

- တွေ့ဆုံမှုတွင်ပါဝင်မည့်သူများအနက် ကောင်းမွန်စွာပြောဆိုနိုင်သူ နှစ်ယောက်(သို့) သုံးယောက်ကို ကြိုတင်ပြင်ဆင်ထားပါ။
- တင်ပြမည့်အကြောင်းအရာအနှစ်ချုပ်၊သင့်အဖွဲ့ ့အစည်းအကြောင်းအနှစ်ချုပ်၊ ပါဝင်ပတ်သက်နေသော နယ်ပယ်ကဏ္ဍများနှင့်အထောက်အထားများကို မျှဝေထားပါ။
- သင့်အရေးဆိုတင်ပြမှုကို အထောက်အကူပြုမည့် အဖြစ်အပျက်အချို့ နှင့် စစ်တမ်းပြုလုပ်ထားသော ကိန်းဂဏန်းအချက်အလက်တစ်ချို့ ကိုပြင်ဆင်ထားပါ။
- စကားပြောဆိုမည့် အစီအစဉ်နှင့် ဆွေးနွေးသူတစ်ယောက်ချင်းပြောဆိုမည့် အကြောင်းအရာကို ကြိုတင်ညှိနှိုင်းသဘောတူထားပါ။
- ဆွေးနွေးတင်ပြမှုကို အစမ်းလေ့ကျင့်ထားပါ။ (အချင်းချင်းကြား (သို့) မှန်ရှေ့တွင် လေ့ကျင့်နိုင်သည်။)
- မှတ်တမ်းလိုက်ရန် တစ်ယောက်ယောက်ကို တာဝန်ပေးထားပါ။
- တွေ့ဆုံမည့် ပုဂ္ဂိုလ်အပေါ်တွင် မူတည်၍ အချိန်မီရောက်ရှိအောင် ပြင်ဆင်ပါ။

တွေ့ဆုံခြင်း

- တာဝန်ရှိသူအနေဖြင့်အချိန်မည်မျှပေးနိုင်သည်ကို နောက်တစ်ကြိမ်မေးမြန်းပါ။ နဂိုမူလသဘောတူထားသည့်အချိန်ထက် ပို၍တိုတောင်းသော တွေ့ဆုံမှုမျိုးအတွက် ပြင်ဆင်ထားနိုင်လျှင် အကောင်းဆုံးဖြစ်သည်။
- တွေ့ဆုံမှုတွင် ပါဝင်သူများအားလုံးကို မိတ်ဆက်စကားဆိုပါ။ သင်တွေ့ဆုံလိုသည့် အကြောင်းရင်းကို ရှင်းပြပါ။
- တွေ့ ဆုံမှုတွင် ပါဝင်ကြသော အခြားတာဝန်ရှိသူများအားလုံး၏ အမည်များကို ချရေးထားပါ။
- အခြေခံကျသော အချက်အနည်းငယ်ပေါ်တွင် အလေးပေးဆွေးနွေးနိုင်ရန် ကြိုးစားပါ။ အကယ်၍ တာဝန်ရှိသူအနေဖြင့် ဆွေးနွေးမှုခေါင်းစဉ်၊အကြောင်းအရာ ပြောင်းသွားပါက သင်ဆွေးနွေးလိုသည့် အဓိကအချက်သို့ ပြန်လည်ရောက်ရှိအောင် ညင်သာသိမ်မွေ့စွာ လုပ်ဆောင်ပါ။
- တာဝန်ရှိသူအနေဖြင့် ဆွေးနွေးလိုသောအကြောင်းအရာ ရှိ၊ မရှိ မေးမြန်းပါ။ ထိုအကြောင်းအရာများကို ဖြေဆိုနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားပါ။ အကယ်၍ အဖြေများကို မသိရှိပါက အဖြေများကို ရှာဖွေပြီး ပြန်လည်ဆက်သွယ်မည်ဖြစ်ကြောင်း ပြောကြားပါ။ သင့်အနေဖြင့် ထိုအခွင့်အရေးကို တွေ့ဆုံမှု၏ နောက်ဆက်တွဲ လုပ်ဆောင်ချက်တစ်ရပ်အဖြစ် အသုံးချနိုင်ပါသည်။
- ကြုံတောင့်ကြုံခဲ အခြေအနေအချို့နှင့်ပတ်သက်၍ စိတ်တိုဒေါသထွက်ခြင်း၊ စိတ်ပျက်ခြင်း၊ စောင်းမြောင်းပြောဆိုခြင်းများ မပြုလုပ်ပါနှင့်။ တာဝန်ရှိသူအနေဖြင့် သင့်ကိစ္စရပ်များနှင့်ပတ်သက်၍ သဘောမကျ ရန်လိုမှုများ ဖြစ်သွားနိုင်သည်။ ထိုသို့သော အခြေအနေမျိုးဖြစ်လာပါက အဓိကအချက်များဆီသို့ ပြန်လည်ဦးတည်ပြီး ချက်ချင်းအဆုံးသတ်လိုက်ပါ။
- သင့်ကိစ္စရပ်နှင့်ပတ်သက်၍ တာဝန်ရှိသူဘက်က ကောင်းမွန်ခိုင်မာသော ပံ့ပိုးကူညီမှုတစ်ခုခု လုပ်ဆောင်ပေးစေရန် ကြိုးပမ်းအားထုတ်ပါ။

တွေ့ ဆုံမှုအပြီး

- ကျေးဇူးတင်လွှာရေးသားခြင်းနှင့်တွေ့ ဆုံမှုအတွက် ကတိကဝတ်ပြုခဲ့သည့် အကြောင်းအရာများအားအကောင်အထည်ဖော်မှုကို သေချာစေရန်ပြုလုပ်ပါ။
- သတင်းအချက်အလက်များထပ်မံရရှိလိုကြောင်းတောင်းခံလာပါက သတင်းအချက်အလက်များထပ်မံပေးပို့ခြင်းဖြင့် ကတိကဝတ်များအား သေချာစေရန်ပြုလုပ်ပါ။

- တွေ့ဆုံပွဲတွင်ဆွေးနွေးခဲ့သည်များကို မိမိအဖွဲ့အတွင်း မှတ်တမ်းထားပါ။ အထူးသဖြင့် ဆွေးနွေးပွဲအတွင်း ထိုသူတို့က ပေးသော ကတိကဝတ်များနှင့်တာဝန်ခံချက်များကို သေချာစွာ မှတ်တမ်းယူထားပါ။ ထိုမှတ်တမ်းများသည် နောက်ထပ်တွေ့ဆုံမှုများအတွက် အသုံးဝင်နိုင်ပါသည်။

## (၅) မူဝါဒရေးရာ ဆွေးနွေးရန်အစီအစဉ် (policy platform) တစ်ခုကို ဖန်တီးခြင်း

အခြားသော မသန်စွမ်းအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ခြင်းဖြင့် မသန်စွမ်းအခွင့်အရေးများအတွက် ထောက်ခံမှုကို ရရှိနိုင်မည့် မူဝါဒရေးရာဆွေးနွေးပွဲအစီအစဉ် တစ်ခု ကိုပုံမှန်ဖန်တီးပါ။ ထိုအစီအစဉ်မှ တစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များ၊မြို့နယ်အုပ်ချုပ်ရေးမှူးများ နှင့် အခြား ဆုံးဖြတ်ချက်ချနိုင်သူများ နှင့်အပြန်အလှန်ဆွေးနွေးပါ။ထိုအစီအစဉ်သည်နောက်ပိုင်းတွင်မိမိတို့အတွက် ပါဝင်စေလိုသောမူဝါဒများကို အရေးဆိုတင်ပြတောင်းဆိုရန် အတွက် အစီအစဉ်တစ်ခု ဖြစ်လာမည်ဖြစ်သည်။

## (၆) ချိတက်မှုများ၊ ဆန္ဒထုတ်ဖော်မှုများ နှင့် လူထု လှုပ်ရှားမှုကမ်ပိန်းများ

အစုအဝေးလိုက် တိုက်ရိုက်ဆောင်ရွက်နိုင်သော မြင်သာသည့် လုပ်ဆောင်ချက်တစ်ရပ်မှာ ချီတက်ပွဲများ၊ အသိပညာပေးလှုပ်ရှားမှု ကမ်ပိန်းများ၊ ဆန္ဒထုတ်ဖော်မှုများနှင့် အခြားသောစီတန်း လှည့်လည် ဆန္ဒဖော် ထုတ်ပွဲများ ဦးဆောင်ပြုလုပ်ခြင်းဖြစ်သည်။ ဥပမာ - လွှတ်တော်အထူးအစည်းအဝေးကျင်းပနေချိန် အစိုးရအဖွဲ့ အဆောက်အအုံရှေ့၊ အများပြည်သူ အပန်းဖြေအနားယူသည့် ဈေးဝယ်စင်တာ၊ ပန်းခြံအစ ရှိသည်တို့တွင် ဝှီးချဲအသုံးပြုသူများ၏ အတားအဆီးများအား သိရှိစေရန် လှည့်လည်၍ လှုပ်ရှားမှုကမ်ပိန်း ပြုလုပ်ခြင်း။

ဤလုပ်ဆောင်ချက်မျိုးသည် ကျယ်ပြန့်သော လူထုထောက်ခံမှု၏ အားကောင်းသော ဖော်ပြချက်တစ်ခု ဖြစ်သည်။ သို့သော်လည်း သင့်အနေဖြင့် တိုက်ရိုက်ဆက်သွယ်ပြီး စည်းရုံးရန် ကြိုးပမ်းနေသည့် နိုင်ငံရေးသမားများနှင့် အစိုးရတာဝန်ရှိသူများမှာ နားလည်မှုအမြင်သဘောထားများ ကွဲပြားသွားခြင်းမျိုး ဖြစ်နိုင်သည်။ သို့ဖြစ်၍ သေချာစိစစ်ပြီးမှသာ ဤလုပ်ဆောင်ချက်ကို ဆောင်ရွက်သင့်ပြီး ရှေ့မဆက်မီတွင် လည်း အဖွဲ့ဝင်များ၏ အပြည့်အဝ ထောက်ခံပံ့ပိုးမှုကို ရရှိထားသင့်ပေသည်။

## (၇) လက်မှတ်ထိုးလှုပ်ရှားမှု

သင့်ကိစ္စရပ်အတွက် ခိုင်မာအားကောင်းသော ထောက်ခံမှုရှိကြောင်း ပြသနိုင်သည့် လက်မှတ်ထိုးတောင်း ဆိုမှုများကိုလွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနများထံ တင်ပြနိုင်လျှင် ထိရောက်ပါသည်။ ခိုင်မာ အားကောင်းသော ထောက်ခံမှုကို ပြသပေးနိုင်သည့်လက်မှတ်အရေအတွက်မှာ ကွဲပြားခြားနားကြသည်။ ဤလုပ်ဆောင်ချက်သည် အချိန်ပေးရသော်လည်း ထိုက်တန်မှုရှိပါသည်။ လုံလောက်သော လက်မှတ်အရေ အတွက်ကို မကောက်ခံနိုင်သည့်တိုင်အောင် သင့်အနေဖြင့် သင့်လှုပ်ရှားမှုကို ထောက်ခံသူ အသစ်များကို ရှာတွေ့နိုင်မည်ဖြစ်သည်။

**(၈) အခမ်းအနားတစ်ခု (သို့) လက်တွေ့ လုပ်ငန်းခွင်နေရာသို့ လွှတ်တော်ကိုယ်စားလှယ် /အစိုးရအဖွဲ့ ဝင်များ ကို ဖိတ်ကြားခြင်း**

အခမ်းအနားတစ်ခုကို ကျင်းပပြီး သင့်ကိုထောက်ခံပံ့ပိုးပေးနိုင်မည့် အစိုးရအဖွဲ့ဝင်(သို့) လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပါ။ သင့်အနေဖြင့် ၄င်းတို့စကားပြောနိုင်ရန် အဖိုးတန် အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ထိုလုပ်ဆောင်ချက်အနေဖြင့် ၄င်းတို့၏ ပံ့ပိုးမှုကိုရရှိရန် အထောက်အကူ ပြုနိုင်ပေသည်။ ထိုသို့မဟုတ်ပါကလည်း သင်ပေးလိုသည့် သတင်းစကားကို ဆောင်ကြဉ်းပေးနိုင်သည့် နေရာတစ်ခု (သို့) အုပ်စုတစ်စုထံသို့ အစိုးရအဖွဲ့ဝင်(သို့) လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကို ဖိတ်ကြားပါ။ ဥပမာ-၄င်း၏ရွေးကောက်ခံမြို့နယ်/ကျေးရွာ အတွင်းရှိ မသန်စွမ်းအဖွဲ့အစည်းတစ်ခု။ ဤလုပ်ဆောင်ချက်သည် အလွန်အားကောင်းခိုင်မာသော အသိပညာပေးမှုဆိုင်ရာ နည်းလမ်းတစ်ခုဖြစ်ပါသည်။

**(၉) လွှတ်တော်အတွင်း မေးခွန်းတင်သွင်း မေးမြန်းစေခြင်း**

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမေးလိုသောမေးခွန်းများကို လွှတ်တော်အစည်းအဝေးမကျင်းပမီ အနည်းဆုံး (၁၀)ရက်ကြိုတင်ပြီး လွှတ်တော်ရုံးအကြီးအမှူးထံ အကြောင်းကြားစာနှင့်တကွပေးပို့ ရမည်ဖြစ်ပြီးလွှတ်တော်အစည်းအဝေးများ၏ပထမ (၁)နာရီကို မေးခွန်းများ မေးမြန်းဖြေကြားရန် သတ်မှတ်လေ့ရှိပါသည်။ မသန်စွမ်းသူများအနေဖြင့် မိမိတို့အရေးဆိုတင်ပြလိုသော ကိစ္စရပ်များကို မသန်စွမ်းသူများ၏ အရေးကိစ္စများကို စိတ်ဝင်စားသည့် လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်အစည်းအဝေးများတွင် မေးခွန်းများမေးမြန်းပေးစေရန်အလို့ငှာ ချဉ်းကပ်စည်းရုံး၍ မေးခွန်းများမေးမြန်းနိုင်ရန်အတွက် အချက်အလက်များစုဆောင်းပံ့ပိုးပေးရန် လိုအပ်ပါသည်။

အောက်ပါတို့ မှာလွှတ်တော်ကိုယ်စားလှယ်များထံ ချဉ်းကပ်ပြီးတောင်းဆိုတင်ပြနိုင်ခဲ့သည့် မေးခွန်းအချို့ ဖြစ်ပါသည်။

၁) မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာနည်းဥပဒေကို မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင် ရွက်မည်နည်း။ (ဦးဌေးဦး၊ရန်ကုန်တိုင်းမဲဆန္ဒနယ်အမှတ်(၂))

၂) အကြားအာရုံမသန်စွမ်းသူကလေးငယ်များအတွက် လုပ်ဆောင်နေသော စီမံချက်/ လုပ်ငန်း ဆောင်ရွက်ချက်များ ရှိပါသလား။ (ဦးညီလေးချမ်း ၊ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)

**(၁၀) တရားဝင် သက်သေပြုခြင်း**

သင့်အဖွဲ့အစည်းအနေဖြင့် ဖြစ်နိုင်ပါက လွှတ်တော်ကော်မတီ ကြားနာစစ်ဆေးမှုတွင် တရားဝင် သက်သေပြုရန် ပညာရှင်အဖြစ် ဖိတ်ကြားခံရစေရန် ကြိုးပမ်းဆောင်ရွက်ပါ။ တရားဝင် သက်သေပြုခြင်းဖြင့် သင်ဆောင်ရွက်နေသော ကိစ္စတွင် သင့်ကို လုပ်ပိုင်ခွင့်ရှိသူ (authority) ဖြစ်လာစေရန် ကူညီပေးနိုင်မည် ဖြစ်သကဲ့သို့ ကော်မတီအဖွဲ့ဝင်များကြားတွင် သင့်အဖွဲ့အစည်းအကြောင်းကို ပိုမိုသိရှိလာကြမည်ဖြစ်သည်။ သင့်အနေဖြင့် တရားဝင်သက်သေပြုလိုပြီး ထိုသို့လုပ်ဆောင်ရန် ကော်မတီက ဖိတ်ကြားမေးမြန်းခြင်း

မရှိပါက ကော်မတီတာဝန်ရှိသူ (သို့) ဥက္ကဋ္ဌကို ဆက်သွယ်ပြီး ထိုသို့ပြုလုပ်ပေးရန် တောင်းဆိုပါ။ တစ်ခါတစ်ရံတွင် ဖိတ်ကြားခံရမှု သေချာစေရန်အတွက် ကော်မတီဥက္ကဋ္ဌကို ဆက်သွယ်ပေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ထံ တောင်းဆိုရန် လိုအပ်သည်။ ကော်မတီ၏ မှတ်တမ်းအတွက် နိုင်မာပြည့်စုံသော တရားဝင်သက်သေပြမှုကို ပြင်ဆင်ပြီး ကော်မတီအဖွဲ့ဝင်များကို တင်ပြရန်အတွက် အတိုချုပ်ပုံစံကို ပြင်ဆင်ထားပါ။

### (၁၁) ဥပဒေကြမ်းကို ရေးဆွဲဖန်တီးခြင်း နှင့် ဥပဒေ ပြင်ဆင်ရာတွင် ပါဝင်အကြံပြုခြင်း

မသန်စွမ်းအဖွဲ့အစည်းများအနေဖြင့် ဥပဒေကြမ်းများရေးဆွဲခြင်း၊ တည်ဆဲဥပဒေများကိုပြင်ဆင်ခြင်းနှင့် အသစ်ပြန်လည်ရေးဆွဲခြင်းများတွင် မိမိတို့၏ အကြံပြုချက်များ၊အချက်အလက်များ ပါဝင်စေရေးအတွက် ကြိုးပမ်းရန်လိုအပ်ပါသည်။ သင့်အဖွဲ့ဝင်များ၊ မိတ်ဖက်များ (အထူးသဖြင့် ရှေ့နေများ) အနေဖြင့် ဥပဒေကြမ်း ရေးဆွဲဖန်တီးခြင်းဆိုင်ရာ သင်တန်းများ တက်ရောက်ထားပါက အကျိုးရှိမည်ဖြစ်သည်။ နိုင်ငံအများစုတွင် ဥပဒေကြမ်း ရေးဆွဲဖန်တီးခြင်းကို အစိုးရအဖွဲ့ပြင်ပတွင် လုပ်ဆောင်လေ့မရှိပေ။ မြန်မာနိုင်ငံတွင်လွှတ်တော်ကိုယ်စားလှယ်များမှ ဖြစ်စေ၊ရေးရာကော်မတီများမှဖြစ်စေ ဥပဒေကြမ်းများကို အဆိုပြုတင်သွင်းလေ့ရှိသည်။ သို့ရာတွင် မသန်စွမ်း အဖွဲ့အစည်းများတွင်ရှိသင့်သည့်စွမ်းရည်တွင် အဆိုပါအချက်ပါဝင်သင့်သည်။ ဥပဒေကြမ်းတစ်ရပ်အတွက် သင့်အဖွဲ့အစည်း၏ ကြိုးပမ်းအားထုတ်မှုများကို အစိုးရအနေဖြင့် တုံ့ပြန်ဆောင်ရွက်ပေးခြင်း မရှိသည်မျိုးလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် သင်တို့ကိုယ်တိုင် ထိုသို့ရေးဆွဲဖန်တီးတတ်ရန် အရေးကြီးပါသည်။ ထိုသို့လုပ်ဆောင်ထားနိုင်ပါက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပုဂ္ဂလိက အဖွဲ့ဝင်၏ ဥပဒေမူကြမ်း (private member bill) အဖြစ် မိတ်ဆက်တင်ပြပေးနိုင်မည်ဖြစ်သည်။ တရားဝင် ဥပဒေမူကြမ်းတစ်ရပ် မဟုတ်သည့်တိုင် ဥပဒေကြမ်းတစ်ရပ်ရှိထားပါက ထိုအကြောင်းအရာနှင့်ပတ်သက်၍ ကော်မတီက ကြားနာစစ်ဆေးမှု ပြုလုပ်လိုချိန်တွင် အသုံးဝင်မည်ဖြစ်သည်။ ထို့ပြင် ကိုယ်ပိုင် ဥပဒေကြမ်းတစ်ရပ်ရှိထားပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် အခြားသော ဆုံးဖြတ်ချက်ချပိုင်ခွင့် ရှိသူများက သင့်အဖွဲ့အစည်းကို ပိုမိုအလေးထားလာကြမည်ဖြစ်သည်။ ထို့ပြင် အနာဂတ်ကာလ ဥပဒေပြုခြင်းကိစ္စများတွင် မှတ်ချက်များပေးနိုင်ရန် ပြင်ဆင်ပြီးသားလည်းဖြစ်စေသည်။ တည်ဆဲဥပဒေများပြင်ဆင်ခြင်းနှင့် အသစ်ပြန်လည်ရေးဆွဲခြင်းများတွင်လည်း မသန်စွမ်းအဖွဲ့အစည်းများ ပေါင်းစုပြီး ယေဘုယျ သဘောတူညီချက်နှင့် အကြံပြုချက်များကို ပေးပို့ပြီး ထည့်သွင်းစေရန် လိုအပ်ပါသည်။

### (၁၂) တယ်လီဖုန်းခေါ်ဆိုခြင်းနှင့် စာတို- 'message' ပို့ခြင်း

အစိုးရအဖွဲ့ဝင်(သို့) လွှတ်တော်ကိုယ်စားလှယ်များကို ၎င်းတို့မဲဆန္ဒနယ်အတွင်းမှ မဲဆန္ဒရှင်တို့က တိုက်ရိုက်ပေးပို့သော စာတို- 'message' များ (သို့) တယ်လီဖုန်းခေါ်ဆိုမှုများသည် အားကောင်းသော အသိပညာပေးနည်းလမ်းတစ်ခုဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့်မူ မဲပေးမှုမစမီ အချိန်ပိုင်းတွင် ခေါ်ဆိုပေးပို့ခြင်းမျိုးဖြစ်သည်။ စာတို (၁၀) စောင်၊ (သို့) အစောင် (၂၀) ခန့်ဖြင့် ကြီးမားသောအကျိုးသက်ရောက်မှုတစ်ခုကိုဖြစ်ပေါ်စေနိုင်သည်။ အစိုးရအဖွဲ့ဝင်(သို့) လွှတ်တော်ကိုယ်စားလှယ်များ

နှင့် လူပုဂ္ဂိုလ်ချင်း သိကျွမ်းသော မဲဆန္ဒရှင်များ၏ ဖုန်းခေါ်ဆိုမှုသည် ပို၍ထိရောက်နိုင်သည်။ သင့်အနေဖြင့် စာကြောင်း (၂) ကြောင်းစာခန့်သာရှိသော သတင်းစကားကို ပေးပို့သင့်သည်။ သင်လိုချင်သောအရာ အတွက် စာတစ်ကြောင်းစာနှင့် အဘယ်ကြောင့် လိုချင်သည်ဆိုသည်အတွက် စာတစ်ကြောင်းစာခန့်ဖြင့် အလွန်တိုတောင်းသော သတင်းစကားကို ပေးပို့သင့်သည်။ အကယ်၍ အစိုးရအဖွဲ့ဝင်(သို့) လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုက်ရိုက်ပြောဆိုခွင့် မရပါက ၎င်း၏ဝန်ထမ်းတစ်ယောက်ယောက်ကို ပြောဆိုပြီး သတင်းစကားချန်ထားခဲ့ပါ။

## ၃.၂ မီဒီယာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

### ၃.၂.၁ သတင်းထုတ်ပြန်ခြင်း

သတင်းထုတ်ပြန်မှုများသည် အစိုးရတာဝန်ရှိသူများထံ တိုက်ရိုက်ပေးပို့လုပ်ဆောင်ခြင်းမျိုး မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့ကို အရေးယူဆောင်ရွက်မှုများရှိလာအောင် တွန်းအားပေးနိုင်သော ဝန်းကျင်တစ်ခုကို ဖန်တီးပေးရာ၌ အထောက်အကူဖြစ်စေသည်။ တာဝန်ရှိသူများအနေဖြင့် မီဒီယာဖော်ပြချက်များ (အထူးသဖြင့် ၎င်းတို့တိုင်း/ပြည်နယ်အတွင်းမှ မီဒီယာဖော်ပြချက်များ) ကို အရေးတယူရှိတတ်ကြသည်။ ကောင်းမွန်သော သတင်းထုတ်ပြန်ချက်တစ်ရပ်သည် လိုရင်းတိုရှင်းဖြစ်သင့်ပြီး ပထမဆုံးစာပိုဒ်တွင် အရေးကြီးအချက်အလက်များ ပါဝင်သည်။ ထို့ပြင် 'W' မေးခွန်းငါးခုကိုလည်း ဖြေဆိုထားခြင်း ရှိရမည်ဖြစ်သည်။ ('who'- "မည်သူ"၊ 'what'- "မည်သည့်အရာ"၊ 'where'- "မည်သည့်နေရာ"၊ 'when'- "မည်သည့်အချိန်"၊ 'why'- "မည်သည့်အတွက်ကြောင့်" နှင့် 'how'- "မည်သို့")။ ဖြစ်နိုင်လျှင် သတင်းထုတ်ပြန်ချက်အနေဖြင့် အပြုသဘောဆောင်သော သတင်းစကားကို ဖော်ပြပေးသင့်သည်။

သင့်အဖွဲ့အစည်း၏ ယုံကြည်စိတ်ချရမှုကို ထိန်းသိမ်းနိုင်ရန်အတွက် မှန်ကန်တိကျသော မီဒီယာထံသို့သာ သတင်းပေးပို့သင့်သည်။ စာနယ်ဇင်းများအနေဖြင့် ယုံကြည်စိတ်ချရမှု မြင့်မားသော သတင်းအရင်းအမြစ်များကို နှစ်သက်ကြသည်။ ထို့ကြောင့် သင့်အနေဖြင့် တိုတောင်းရှင်းလင်းပြီး မှတ်မိလွယ်သော ဖော်ပြချက်မျိုး လုပ်ဆောင်နိုင်လေလေ၊ စာနယ်ဇင်းသမားများ၏ ထောက်ခံမှုကို ရနိုင်ခြေများလေလေဖြစ်ပြီး သတင်းထဲတွင် သင့်ကိုစွရပ် ပါလာချိန်၌ သင့်သဘောထားအမြင်ကို အလေးထား မေးမြန်းကြမည်ဖြစ်သည်။ သင့်အဖွဲ့အစည်းတွင် မီဒီယာဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ တစ်ယောက် (သို့) နှစ်ယောက်ခန့် ထားရှိသင့်သည်။ ထိုသို့ထားရှိနိုင်ပါက သင့်အဖွဲ့အစည်းအနေဖြင့် တူညီသောအသံတစ်သံတည်းဖြင့် အရေးဆိုတင်ပြနိုင်မည်ဖြစ်သည်။

## **မသန်စွမ်းလူထု၏အခွင့်အရေးများကို တားဆီးပိတ်ဆို့ကန့်သတ်နေမှုများအပေါ် မြန်မာနိုင်ငံမသန်စွမ်းသူများ‌ရှေ့ဆောင်အဖွဲ့(MILI)၏ သဘောထားထုတ်ပြန်ကြေညာချက်နမူနာ**

ရက်စွဲ -၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံအတွင်းရှိ ၂ ဒသမ ၃သန်းသော မသန်စွမ်းသူများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ရပိုင်ခွင့်များကို ဖော်ဆောင်မြှင့်တင်ပေးရန် သန္နိဋ္ဌာန်ချမှတ်၍ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကို ၂၀၁၅ခုနှစ်၊ဇွန်လ(၅)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၀)ဖြင့် အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။ ၎င်းအပြင် နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းလူထု၏ အခွင့်အရေးများကို မြန်မာနိုင်ငံအတွင်း တိုးမြှင့်ကာကွယ်၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန်ရည်ရွယ်၍ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းကို၂၀၁၀ခုနှစ် ဒီဇင်ဘာလ(၇)ရက်နေ့တွင် လည်းကောင်း၊အာရှပစိဖိတ်ဒေသ မသန်စွမ်းသူများဆိုင်ရာ အင်ချွန်းလုပ်ငန်းစဉ်များကို ၂၀၁၂ခုနှစ်၊နိုဝင်ဘာလ (၂)ရက်နေ့တွင်လည်းကောင်း၊ မသန်စွမ်းသူများဆိုင်ရာ ဘာလီကြေညာချက်နှင့် အာဆီယံဆယ်စုနှစ် လုပ်ငန်းစဉ်များကို ၂၀၁၀ခုနှစ် နိုဝင်ဘာ(၁၇)ရက်နေ့တွင် လည်းကောင်း ကမ္ဘာ့မိသားစုဝင်နိုင်ငံများနှင့်အတူပါဝင် ကတိကဝတ်ပြု လက်မှတ်ရေးထိုး သဘောတူညီထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အွန်လိုင်းစာမျက်နှာအချို့တွင် မသန်စွမ်းသူများ၏အခွင့်အရေးနှင့်ဂုဏ်သိက္ခာကို ဆိုးရွားစွာ ထိခိုက်ဆုံးရှုံးစေသည့်အသုံးအနှုန်းများဖြင့် ဌာနဆိုင်ရာအဖွဲ့အစည်းအချို့ကထုတ်ပြန်သည်ဟု ဖော်ပြသည့် မူဝါဒဆိုင်ရာရေးသား ထုတ်ပြန်ချက်များ ပျံ့နှံ့ဖော်ပြလျက်ရှိသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI)အနေဖြင့်၎င်းသတင်းအရင်းအမြစ်များထွက်ပေါ်လာရာအကြောင်းရင်းဇစ်မြစ်ကို လေ့လာစိစစ်ပြီး သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများက အမှန်တကယ်ထုတ်ပြန်ခဲ့ခြင်းဟုတ်မဟုတ် စတင်လေ့လာဆောင်ရွက်လျက်ရှိပါသည်။

၄။ ၎င်းကိစ္စရပ်များသည် အမှန်တကယ်ဖြစ်ပေါ်ခဲ့သည်ဟု တွေ့ရှိပါက တာဝန်ရှိ အဖွဲ့အစည်းအဆင့်ဆင့်နှင့်တွေ့ဆုံတင်ပြ၍ ဥပဒေဘောင်အတွင်း မသန်စွမ်းသူများ၏အခွင့်အရေးရှုထောင့်မှ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

၅။ အကယ်၍၎င်းကိစ္စရပ်သည် အမှန်တကယ်ဖြစ်ပေါ်ခဲ့ခြင်းမရှိဘဲ မသန်စွမ်းလူထုနှင့်ဌာနဆိုင်ရာများ အကြားပဋိပက္ခဖြစ်စေရန်နှင့် ပြည်သူလူထုအကြား ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ် လုပ်ဆောင်သည့်ကိစ္စဖြစ်ပါက ယင်းသတင်းအား မူလတင်ပြခဲ့သူ၏ ပင်မဇစ်မြစ်ကို လေ့လာပြီး ထိုက်သင့်သည့် ဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ မည်သို့ပင်ဖြစ်စေ မည်သူကထုတ်ပြန်ခဲ့သည်ဖြစ်စေ၊အများပြည်သူအကြား အွန်လိုင်းစာမျက်နှာများတွင်ပျံ့နှံ့နေသော မူဝါဒဆိုင်ရာထုတ်ပြန်ချက်များ ရေးသားဖော်ပြချက်များသည် ချက်ချင်းလက်ငင်းတွင်

မြန်မာ့ လူ့အဖွဲ့အစည်း၏ မိသားစုဝင်မသန်စွမ်းလူထု၏ ပုံရိပ်ကို ဆိုးရွားစွာ ထိခိုက်စေပြီး ၎င်းတို့၏ အခွင့်အရေးများကို ဟန့်တား ပိတ်ဆို့ နှောင့်ယှက် ကန့်သတ် ခွဲခြားဆက်ဆံရာ ရောက်စေပါသည်။

၇။ ကမ္ဘာ့လူဦးရေ သန်းပေါင်း၇၀၀၀ကျော်တွင် လုံးဝဥသုံ့ချွတ်စွပ်တူသည့် လူသားတစ်ဦး တစ်ယောက်မျှမရှိပါ။ ထို့အတူမသန်စွမ်းသူများ၏ကိုယ်အင်္ဂါ၊ ဉာဏ်ရည်အခြေအနေများသည် သာမန်လူ များနှင့် မတူညီခြင်းသည် အထူးအဆန်းမဟုတ်သကဲ့သို့ ပြဿနာတစ်ရပ်လည်းမဟုတ်ပါ။ မသန်စွမ်းသူများ အားခွဲခြားဆက်ဆံသည့်စိတ်ထားများကသာ ကျွန်ုပ်တို့မသန်စွမ်းလူထုအတွက် ပြဿနာဖြစ်နေပါသည်။(No Man is Perfect)ကမ္ဘာပေါ် တွင် အရာရာတိုင်း၌ ပြီးပြည့်စုံသော လူသားတစ်ဦးတစ်ယောက်မျှမရှိပါ။ လူတိုင်းတွင် ချို့ယွင်းအားနည်းချက်ကိုယ်စီရှိသလို အားသာချက်/စွမ်းဆောင်နိုင်မှုများလည်း ကိုယ်စီရှိပါ သည်။ ဤအအခြေအနေတွင် မသန်စွမ်းသူများ၏အားသာချက်/စွမ်းဆောင်နိုင်မှုများကို အသိအမှတ်မပြုဘဲ လျစ်လျူရှု မျက်ကွယ်ပြုပြီး အားနည်းချက်ကို သာလျင်ရွေးထုတ်၊ကန့်သတ်ကာ လူ့အဖွဲ့အစည်းပြင်ပ တွန်းပို့ခြင်းသည် ခွဲခြားဆက်ဆံခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့က ယုံကြည် ထားပါသည်။သူမတူအောင်စွမ်းဆောင်ပြီး လူ့အဖွဲ့အစည်းကိုကြီးမားစွာ အကျိုးပြုခဲ့သည့် စတီဗင်ဟော့ကင်း၊ သောမတ်အယ်လ်ဗာ အက်ဒီဆင်၊ စတီဗင်ဝမ်းဒါး၊ တွမ်ခရုစ်၊ ဟယ်လင်ကဲလားအစရှိသည့် ကမ္ဘာကျော် သိပ္ပံပညာရှင်များ၊အနုပညာရှင်များ စာရေးဆရာကြီးများသည် မသန်စွမ်းသူများဖြစ်ကြပါသည်။ ထို့အတူ မြန်မာ့သမိုင်းတွင် ထင်ပေါ်ကျော်ကြားခဲ့သည့် စလေဦးပုည၊ ရေမန်ကန်းကဲ့သို့သော ကိုယ်အင်္ဂါချို့ယွင်း အားနည်းသည့် ပုဂ္ဂိုလ်များရှိခဲ့သလိုယနေ့ခေတ် မြန်မာနိုင်ငံတွင်လည်း မိသားစုအကျိုး ရပ်ရွာလူထုအကျိုး၊ လူမှုဘဝဖွံ့ဖြိုးမှုအကျိုးကို တစ်ဖက်တစ်လမ်းက စွမ်းဆောင်ပေးနေသည့် မသန်စွမ်းသူများလည်းများစွာ ရှိနေပါသည်။ အိုင်တီခေတ်၊ ပညာခေတ်တွင် ကာယအားထက် ဉာဏအားကို ပိုမိုအားပေးလာသည့် ၂၁ ရာစု အချိန်အခါသမယတွင် **ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းသူဖြစ်ရမည်** ဟူသော ခေတ်နောက်ပြန်ဆွဲ သည့် အတွေးအခေါ်ဟောင်းများ၊ လုပ်ဆောင်ချက်များကို အတွေးအခေါ်မြင့်မားသည့် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းနှင့်မသန်စွမ်းသူများက လက်မခံနိုင်ပါ။ လူသတ်၊ဖုံးခွဲပြီး လူ့အဖွဲ့အစည်း အကျိုးယုတ်အောင် လုပ်နေသော သန်ပြီး စိတ်ဓာတ်မစွမ်းသည့်လူများထက် မသန်သော်လည်း စွမ်းကြသည့် မသန်စွမ်းသူများ ကို ပိုမိုအသိအမှတ်ပြုအားပေးရမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က နေပြည်တော် ပညာရေး ညီလာခံ(၂၀၁၆)တွင် ပြောကြားထားပြီးဖြစ်ပါသည်။

၈။ သို့ပါ၍ပြည်ထဲရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံတစ်ဝန်းလုံး မသန်စွမ်း လူထု၏ အရေးကိစ္စများကို ဦးစားပေးဆောင်ရွက်လျက်ရှိသော မသန်စွမ်းသူများ ကိုယ်တိုင်ဦးဆောင်သည့် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မီလီ(Myanmar Independent Living Initiative-MILI) အနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးနှင့် စွမ်းဆောင်မှုအပေါ် ခွဲခြားဆက်ဆံရာရောက်သည့် မည်သည့် ရေးသားဖော်ပြချက်၊ ဆောင်ရွက်ချက်ကိုမျှလက်မခံပါ။ ယခုရက်ပိုင်းအတွင်းအွန်လိုင်းစာမျက်နှာများတွင် ပျံ့နှံ့နေသည့် ပူးတွဲဖော်ပြချက်များနှင့် ပတ်သက်၍ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။ မိမိတို့အဖွဲ့ အနေဖြင့် တရားဥပဒေဘောင်အတွင်းမှ ရရာနည်းလမ်းများကို အသုံးချပြီး ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်သကဲ့သို့ပြည်ထောင်စုအဆင့် နိုင်ငံတော်အဖွဲ့အစည်းများအပါအဝင် မြန်မာနိုင်ငံမသန်စွမ်းသူများ

အသင်းချုပ်၊ အခြားအင်အားစုများ အသင်းအဖွဲ့များနှင့်လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှုကို လက်မခံငြင်းပယ်ကာ တရားမျှတပြီး ယဉ်ကျေးသိမ်မွေ့သည့် မြန်မာ့လူ့အဖွဲ့အစည်းကို ဦးတည်တည်ဆောက်သွားလိုသည့် ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ကွန်ရက်များအနေဖြင့် ကျွန်ုပ်တို့မသန်စွမ်းလူထုနှင့် အတူပူးပေါင်းပါဝင်ကာခွဲခြား ဆက်ဆံမှုကို တိုက်ဖျက်ကြပါရန် လေးနက်စွာ တိုက်တွန်းတောင်းဆိုအပ်ပါသည်။

**မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI)**

### ၃.၂.၂ အယ်ဒီတာ့ထံပေးစာ

တစ်ခါတစ်ရံတွင် အယ်ဒီတာ့ထံပေးစာများမှာ အထောက်အကူပြုသည်။ အထူးသဖြင့် ထင်ရှားကျော်ကြားသော ထောက်ခံပံ့ပိုးသူတစ်ယောက်ထံမှလာသော အယ်ဒီတာ့ထံပေးစာများမှာ ပို၍ထိရောက်မှုရှိသည်။ သတင်းစာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလေ့လာပါ။ သို့ရာတွင် ယေဘုယျအားဖြင့် အောက်ပါအချက်များလိုအပ်သည် -

- ပေးစာကို လိုရင်းတိုရှင်းဖြစ်အောင် လုပ်ပါ။ (စာလုံးရေ ၁၅၀ မှ ၂၅၀ ကြား)
- ပေးစာ၏ အကြောင်းရင်းကို ပထမဆုံးစာကြောင်းတွင် ဖော်ပြပါ။
- အကြောင်းအရာကို အဓိကအချက် ၁ ချက် ၂ ချက် ဖြင့် အကျဉ်းချုံးဖော်ပြပါ။
- ထိုကိစ္စသည် အဘယ်ကြောင့် အရေးကြီးသည်ကို ဖော်ပြပါ။ လိုအပ်ချက် (ပြဿနာ) ကို တိကျစွာဖော်ပြပါ။ မည်သည့်အရာများ လုပ်ဆောင်ရန် လိုအပ်သည်ကို တိကျရှင်းလင်းစွာ ဖော်ပြပါ။ ထိုကိစ္စကို အရေးယူဆောင်ရွက်ပေးနိုင်ရန်အတွက် လုပ်ပိုင်ခွင့်အာဏာရှိသူများကို တောင်းဆိုပါ။
- ဗန်းစကားများ၊ အတိုကောက်စာလုံးများ သုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။
- သင့်အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားပါ။

### ၃.၂.၃ ကြားဖြတ်သတင်းတိုများ- "newsflash" နှင့် ဥပဒေဆိုင်ရာ အရေးကြီးအသိပေးချက်များ- "legislative alerts"

အရေးကြီးသည့် လတ်တလော သတင်းအချက်အလက်များနှင့် အရေးပါသော ကိစ္စရပ်များဆိုင်ရာ သဘောထားအမြင်များ မျှဝေရန်အတွက် ကြားဖြတ်သတင်းတို- "newsflash" ကို အသုံးပြုခြင်းဖြင့် အဖွဲ့ဝင်များ၏ ပံ့ပိုးမှုနှင့် ပူးပေါင်းပါဝင်မှုတို့ကို တည်ဆောက်ထိန်းသိမ်းနိုင်သည်။ ထိုသတင်းများကို email ဖြင့်ဖြစ်စေ၊ စာတိုက်မှတဆင့် လိပ်မူ၍ဖြစ်စေ ပေးပို့နိုင်သည်။ ကိစ္စရပ်တစ်ခုနှင့်ပတ်သက်သော ဆောင်းပါးအတိုများ ပါဝင်လေ့ရှိသည်။

သင့်အဖွဲ့ဝင်များအား ၎င်းတို့ဒေသရှိ လွှတ်တော်ကိုယ်စားလှယ်များ (သို့) အခြားသော တာဝန်ရှိသူများနှင့် အရေးတကြီး ဆက်သွယ်စေလိုသောအခါမျိုးတွင် ဥပဒေဆိုင်ရာ သီးခြားအသိပေးချက်များကို အသုံးပြုသင့်သည်။ သင့်အနေဖြင့် ဤသို့ချက်ချင်းဆောင်ရွက်ရန် လိုအပ်သော အသိပေးချက်များကို ကြားဖြတ်သတင်းတိုများနှင့် ခွဲခြားထားခြင်း မရှိပါက ချက်ချင်းလုပ်ဆောင်ရန် အရေးကြီးနေချိန်တွင်အဖွဲ့ဝင်များအနေဖြင့် သတိမထားမိခြင်းမျိုး ဖြစ်သွားနိုင်သည်။ သင့်အဖွဲ့အစည်း၏ ဘဏ္ဍာငွေပေါ်မူတည်၍ SMS အသိပေးချက်သည် လူပေါင်းများစွာကို တပြိုင်နက် ဆက်သွယ်မှုပြုရန်အတွက် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်။ (အဆိုပါ နည်းလမ်းအား ဒေသတွင်းနိုင်ငံအချို့တွင်ကျင့်သုံးလျက်ရှိပြီး မြန်မာနိုင်ငံတွင် တွင်ကျယ်စွာ အသုံးပြုခြင်းမရှိသေးပေ။ )

### ၃.၂.၄ Website များ၊ blog များ၊ လူမှုကွန်ရက်များ

သင့်အဖွဲ့အစည်းတွင် လုပ်ငန်းပိုင်းဆိုင်ရာ အင်တာနက် website တစ်ခုရှိရန် အရေးကြီးပြီး ၎င်းကိုလည်း အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် အရေးကြီးပါသည်။ သင့်အဖွဲ့ဝင်များနှင့် ပြည်သူများက သင့် website အတွင်း ဝင်ရောက်ကြည့်ရှုကြမည်ဖြစ်သည်။ 'blog' များမှာ အင်တာနက်ပေါ်စာမျက်နှာပေါ်တွင် ရေးသားထားသော ဆောင်းပါးများဖြစ်ပြီး အင်တာနက်အသုံးပြုသူများ အဆင်ပြေချောမွေ့စွာ ချိတ်ဆက်ဖတ်ရှုနိုင်သည်။ မှန်ကန်စွာ အသုံးပြုနိုင်ပါက blog များအနေဖြင့် ကိစ္စရပ်များကို အချေအတင်ဆွေးနွေးငြင်းခုံနိုင်သောနေရာ၊ စိတ်ကူးများကို ဖလှယ်နိုင်သောနေရာ ဖြစ်လာနိုင်သည်။ ဖေ့ဘုတ်(စ်) (Facebook) ၊ တွစ်(စ်)တာ(Twitter) တို့ကဲ့သို့သော လူမှုကွန်ရက်များသည် အင်တာနက်ကို အသုံးပြုပြီး ကိုယ်ရေးကိုယ်တာကိစ္စ၊ အလုပ်ကိစ္စနှင့် နိုင်ငံရေးရာကိစ္စများအတွက် အခြားသူများနှင့် ဆက်သွယ်ချိတ်ဆက်နိုင်သည်။ စီမံကြီးကြပ်သူတစ်ယောက်ရှိပြီး အချိန်နှင့်တစ်ပြေးညီ လှုပ်ရှားမှုသတင်းများကို တင်ပေးနိုင်လျှင် သင့်အဖွဲ့အစည်းအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများ မှတစ်ဆင့် ကွန်ရက်ချိတ်ဆက်ဖွင့်လှစ်နိုင်ပါသည်။

## ၃.၃ သင့်အဖွဲ့အစည်းတွင်း၊ အခြားသော မသန်စွမ်းအဖွဲ့အစည်းများ၊ မိတ်ဖက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဆက်သွယ်ချိတ်ဆက်ခြင်း

ကူညီပံ့ပိုးသူ အများအပြားရှိသော အရေးဆိုတင်ပြအသိပညာပေးလုပ်ငန်းသည် အားအကောင်းဆုံးဖြစ်သည်။ အရေးဆိုအသိပညာပေးသူများအနေဖြင့် အစိုးရတာဝန်ရှိသူများနှင့် ချိတ်ဆက်လုပ်ဆောင်ရမည်သာမက မှန်ကန်သော ကိစ္စရပ်များ တင်ပြနိုင်ရေး သေချာစေရန်နှင့် အသိပညာပေးမှုဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများ ဆက်လက်အားကောင်းတိုးတက်နေစေရန် အဖွဲ့ဝင်များနှင့် နီးကပ်သော ဆက်သွယ်ချိတ်ဆက်မှုရှိရမည်ဖြစ်သည်။

### ၃.၃.၁ သတင်းအချက်အလက်များ စုစည်းပေးအပ်မှု

မသန်စွမ်းအဖွဲ့အစည်းတစ်ခုအနေဖြင့် မိမိပေးလိုသောသတင်းအချက်အလက်များ စုစည်းဝေမျှခြင်းဖြင့်အဖွဲ့ဝင်များနှင့် အခြားသော အဖွဲ့အစည်းများကို ပံ့ပိုးပေးနိုင်သည်။ ထိုသို့ စုစည်းထားသော သတင်းအချက်အလက်များအားလုံးကိုစုစည်းထုပ်ပိုးပါ။၎င်းဖိုင်လ်အတွင်းတွင် အောက်ပါတို့ ပါဝင်သင့်သည် -

- ကိစ္စရပ်တစ်ခုဆိုင်ရာ နောက်ခံအချက်အလက်များ၊
- မကြာသေးမီက လုပ်ဆောင်နိုင်ခဲ့သည့် အမျိုးသားအဆင့် (သို့) တိုင်းဒေသကြီး/ပြည်နယ်အဆင့် အသိပညာပေးမှုဆိုင်ရာ လှုပ်ရှားမှုများ၏ တိုးတက်မှုများ၊
- အထူးကိစ္စရပ်တစ်ခု (သို ့) နိုင်ငံရေးဆိုင်ရာ သီးသန ့်ကိစ္စရပ်တစ်ခုအား အသိပညာပေးမှုအတွက် အသုံးပြုနိုင်သော နည်းလမ်းအချက်အလက်များ။
- သတင်းထုတ်ပြန်မှုများ။

### ၃.၃.၂ နှစ်ပတ်လည်အစီရင်ခံစာ

နှစ်ပတ်လည်အစီရင်ခံစာများကို အဖွဲ့ဝင်များထံ ဝေမျှပေးခြင်းဖြင့် ၎င်းတို့အနေနှင့် တစ်သားတည်းရှိနေသည်ဟု ခံစားရစေနိုင်ပြီး နောင်ကာလများတွင်လည်း ပိုမိုပါဝင်ဆောင်ရွက်လာစေရန် အားပေးတိုက်တွန်းနိုင်ပါသည်။ နှစ်ပတ်လည်အစီရင်ခံစာအတွင်းတွင် ပြီးခဲ့သည့်တစ်နှစ်တာကာလအတွင်း သင့်အဖွဲ့အစည်း၏ အဓိကလုပ်ရှားဆောင်ရွက်မှုများနှင့် အဖွဲ့ဝင်ဆိုင်ရာ အဓိကဖြစ်စဉ်များနှင့် ရရှိခဲ့သော အကျိုးသက်ရောက်မှုတို့ကို ထည့်သွင်းတင်ပြထားသင့်သည်။ စာသားများ အလွန်အကျွံ ရေးသားရခြင်းကို ပြေလျော့စေရန်နှင့် ရင်းနှီးချစ်ခင်မှု တိုးတက်လာစေရန် ဓာတ်ပုံများကိုလည်း ထည့်သွင်းသင့်သည်။

### ၃.၃.၃ ညီလာခံများ

လူပုဂ္ဂိုလ်အချင်းချင်းကြား ဆက်သွယ်ချိတ်ဆက်မှုနှင့် အုပ်စုလိုက်လုပ်ဆောင်မှုတို့သည် ကြိုးပမ်းအားထုတ်မှုနှင့် ပါဝင်ဆောင်ရွက်မှုတို့အတွက် အလွန်အရေးကြီးသည်။ တိုးတက်မှုများကို ပြန်လည်သုံးသပ်ရန်၊ အဓိကထား ဆောင်ရွက်မည့် နယ်ပယ်များကို ဆွေးနွေးရန်နှင့် နောက်ခြေလှမ်းသစ် တစ်ခုအတွက် မဟာဗျူဟာချမှတ်နိုင်ရန် အဖွဲ့ဝင်ကိုယ်စားလှယ်များနှင့် အနည်းဆုံး တစ်နှစ်တစ်ကြိမ် တွေ့ဆုံဆွေးနွေးသင့်သည်။

### ၃.၃.၄ ပိုမိုကျယ်ပြန့်သော အရပ်ဘက်လူမှုဆိုင်ရာ လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ခြင်း

မသန်စွမ်းအဖွဲ့အစည်းတစ်ခုအနေဖြင့် ပိုမိုကျယ်ပြန့်သော အရပ်ဘက်လူမှုဆိုင်ရာ လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ခြင်းသည် မသန်စွမ်းအခွင့်အရေးများအတွက်ကောင်းမွန်သော အကျိုးသက်ရောက်မှုများ ရှိနိုင်သည်။ ထိုသို့သော ပါဝင်ဆောင်ရွက်ခြင်းသည် ပိုမိုကျယ်ပြန့်သော ကွန်ရက်အခြေအနေတစ်ခုကို ပေးစွမ်းနိုင်သကဲ့သို့ ပုံမှန်အားဖြင့် ရနိုင်မည်မဟုတ်သော အရင်းအမြစ်လမ်းကြောင်းများကိုလည်း ရရှိစေနိုင်သည်။ ထို့ပြင်သတင်းစကားကိုဝေမျှနိုင်သည့်ပိုမိုကြီးမားကျယ်ပြန့်သော အခြေအနေတစ်ခုကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

- **သတင်းအချက်အလက်များပါဝင်သော စာရွက်စာတမ်းတစ်ခုကို ဖန်တီးပါ။ (** အဖွဲ့အစည်းတွင် လုပ်ငန်းတာဝန်ဆိုင်ရာ ရည်မှန်းဖော်ပြချက် တစ်ခု ရှိပါသလား။ အဖွဲ့အစည်း၏ ရေတိုနှင့်ရေရှည် ဦးတည်ချက်များကို ချရေးပါ။ )
- **မိတ်ဖက်အဖွဲ့အစည်းများနှင့်ကွန်ရက်တစ်ခုကို တည်ဆောက်ပါ။** (လက်ရှိ လက်တွဲလုပ်ကိုင်လျက်ရှိသော မိတ်ဖက်အဖွဲ့များနှင့် အလားအလာရှိသော မိတ်ဖက် အဖွဲ့များနှင့် အဆက်အသွယ်ပြုလုပ်နိုင်ရန်အဖွဲ့၏ဝက်ဘ်ဆိုဒ်ကို အသုံးပြုပါ။ ထို့အပြင် ဖေ့ဘုတ်(စ်) (Facebook) ၊ တွစ်(စ်)တာ(Twitter) နှင့် အခြားသော လူမှုကွန်ရက်များကိုသုံးပြီး ဆက်သွယ်ချိတ်ဆက်ပါ။ ဖုန်းခေါ်ဆိုခြင်း၊ email ပို့ခြင်း၊ လူချင်းတွေ့ဆုံခြင်းတို့ဖြင့် လည်း

အမြဲဆက်သွယ်ချိတ်ဆက်နေပါစေ။ )

- **ဒေသတွင်း ဘက်ပေါင်းစုံကွန်ရက်အဖွဲ့ အစည်းများနှင့် ဆက်သွယ်ချိတ်ဆက်ပါ။** (ပုံမှန်အားဖြင့် ဒေသတွင်းမိတ်ဖက်ကွန်ရက်အဖွဲ့ အစည်းများသည် အရပ်ဘက်လူမှုအဖွဲ့ အစည်း များစွာ ပါဝင်ဖွဲ့ စည်းထားပြီး အဖွဲ့ အချင်းချင်းအကြားတွင်ဆက်သွယ်ချိတ်ဆက်ပေးသည်။ ။ ယင်းတို့ တွင် ကျားမတန်းတူညီမျှရေးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခု ပါဝင်သလို အချို့အုပ်စုများတွင် တရားဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် ဆောင်ရွက် နေသော အဖွဲ့အစည်းများပါဝင်သည်။ သင့်အနေဖြင့် စုံစမ်းသိရှိထားရမည့် အဓိက အချက်များလည်း ရှိပါသည်။ ထိုဘက်ပေါင်းစုံ ကွန်ရက်အဖွဲ့သည် အဖွဲ့ဝင်စနစ်ပေါ်တွင် အခြေခံထားပါသလား။ ထိုသို့ဖြစ်ပါက အဖွဲ့အစည်း အနေဖြင့် အဖွဲ့ဝင်ဖြစ်ရန်အတွက် သင့်လျော်ကိုက်ညီမှုရှိပါသလား။ ထိုသို့မဟုတ်ပါက အဖွဲ့အစည်း အနေဖြင့် အုပ်စုများကို မည်သို့ ဆက်သွယ်ချိတ်ဆက်ပေးပါသနည်း။
- **လုပ်ငန်းစီမံချက်တစ်ခုဖြင့် ပူးပေါင်းလုပ်ဆောင်ပါ။** (ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သင့်အဖွဲ့ အစည်းအား ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလာမည်ဖြစ်ပြီး အမျိုးသားအဆင့် အရပ်ဘက် ဆိုင်ရာ လှုပ်ရှားမှုများတွင် မသန်စွမ်းအခွင့်အရေးများကိုလည်း ပေါင်းစပ်ပါဝင်စေနိုင်မည်ဖြစ်သည်။)
- **အပြည်ပြည်ဆိုင်ရာ ဘက်ပေါင်းစုံ ကွန်ရက်အဖွဲ့ အစည်းများနှင့် ဆက်သွယ် ချိတ်ဆက်ပါ။** (ထိုသို့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိသောနိုင်ငံတကာဘက်ပေါင်းစုံကွန်ရက်အဖွဲ့ များ ရှိပါသလား။ ရှိပါက အီးမေးလ်ဖြင့်ဆက်သွယ်ပါ။ နိုင်ငံတကာကွန်ရက်အဖွဲ့ ၏ လူမှုကွန်ရက်စာမျက်နှာများတွင် "follow" လုပ်ထားပါ။ အကယ်၍ သင့်မိတ်ဖက်အဖွဲ့တစ်ခုခုအနေဖြင့် ၎င်းနိုင်ငံတကာ ကွန်ရက် အဖွဲ့ တွင် အဖွဲ့ဝင်ဖြစ်ပြီးသားဆိုပါက ထိုမိတ်ဖက်အဖွဲ့မှတဆင့် ကွန်ရက်နှင့် မိတ်ဆက်ပါ။)
- **အလေ့အကျင့်ကောင်းများမှ လေ့လာသင်ယူပါ။** (ပြည်တွင်းနှင့်နိုင်ငံတကာမှ အဖွဲ့ အစည်းများသည် အတွေးအခေါ်သစ်များ၊အထောက်အကူပြုပစ္စည်းများနှင့်သင်ခန်းစာရယူနိုင်စရာများကို လေ့လာနိုင်မည့် အရင်းအမြစ်ကောင်းများဖြစ်သည့်အပြင် လုပ်ငန်းစီမံချက်များအတွက် ကောင်းမွန်သော မိတ်ဖက် အဖွဲ့ အစည်းများလည်းဖြစ်လာနိုင်ပေသည်။)

**၃.၄ စီးပွားရေးလုပ်ငန်းရှင်များအား အရေးဆိုတင်ပြဆွေးနွေးခြင်း**

စီးပွားရေးလုပ်ငန်းရှင်များသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အပြောင်းအလဲ တစ်ခုကို ဖော်ဆောင်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည်ကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ၎င်းတို့ ပါဝင်သော အပြောင်းအလဲသည် ပိုမိုထိရောက်မှုရှိသည်ကိုလည်း တွေ့ရှိရသည်။ ထို့ကြောင့် မသန်စွမ်းအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ကို ပိုမို တင်ပြဆွေးနွေးလျှင် လက်တွေ့ အကျိုးခံစားခွင့်ရှိမည် ဖြစ်သည်။ ဥပမာ ဖော်ပြရလျှင် ကိုကာကိုလာ(Cocacola) က မသန်စွမ်းသူများနှင့်ပတ်သက်၍ လူမှုရေး တာဝန်ခံမှု စီမံချက် လုပ်ဆောင်လျှင် ဈေးကွက် ပြိုင်ဘက်ဖြစ်သော ပက်စ်စီ(Pepsi) ကလည်း အလားတူ

စီမံကိန်းများအပြိုင်အဆိုင်လုပ်လာမည်ဖြစ်၍မသန်စွမ်းသူများအတွက် လက်တွေ့ခံစားရမည့် အကျိုးကျေးဇူး များရရှိလာမည် ဖြစ်သည်။

## ၃.၅ သုတေသနပြုလုပ်ခြင်း နှင့် သုတေသန စာတမ်း၊အချက်အလက်များကို လေ့လာထားခြင်း

စနစ်တကျ သုတေသနပြုလုပ်ကာ ရရှိလာသော ရလဒ်များကို အခြေခံ၍ တင်ပြတောင်းဆိုခြင်းသည် ကမ္ဘာတစ်ဝန်းက ပညာရှင်များ လက်ခံထားသောအကောင်းဆုံး နည်းလမ်းဖြစ်သည်။ ဥပမာ စာကြောင်း နှစ်ကြောင်းကို ယှဉ်ပြရလျှင်

1) မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေအား အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ပေးပါရန် တောင်းဆိုပါသည်။

2) မသန်စွမ်းသူများ၏ အခွင့်အရေး နည်းဥပဒေအား အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းဆောင်ရွက်ပေးပါရန် မသန်စွမ်းသူများ၏ သဘောထားဆန္ဒစစ်တမ်း (၂၀၁၇) မှ ဖြေဆိုသူ ၉၉ ရာခိုင်နှုန်းက တောင်းဆို လိုက်ပါသည်။

အထက်ပါအကြောင်းအရာနှစ်ခုတို့တွင် မည်သည့်စာကြောင်းက ပိုမို အားကောင်းမည်ကို ဖတ်ကြည့်ရုံဖြင့် သိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မသန်စွမ်းအဖွဲ့အစည်းများအနေဖြင့် သုတေသနများ တတ်နိုင်သမျှပြုလုပ် ကာ တောင်းဆိုမည်ဆိုပါက ပိုမိုထိရောက်မည်ဖြစ်သည်။

## ၃.၆ အခြားနည်းလမ်းများ

စာရေးသူအနေဖြင့် မိမိအတွေ့အကြုံအရ အခြားနည်းလမ်းများကိုလည်း အကြံပြုသွားလိုပါသည်။ မိမိ အဖွဲ့အစည်းနှင့် ကိုက်ညီပါက အသုံးချနိုင်ပြီး အသုံးမလိုပါက ကျော်ဖတ်သွားနိုင်ပါသည်။ ၎င်းတို့မှာ -

၁) သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခေါင်းဆောင်များနှင့် ညစာထမင်းအတူသုံးဆောင်ခြင်း နှင့် ကော်ဖီ သို့ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းဖြင့် ရင်းနှီးမှုတည်ဆောက်ကာ မိမိတို့ တောင်းဆိုလိုသည်များကို စကားစမြည် ပြောဆိုခြင်းဖြင့် ထည့်သွင်းဆွေးနွေးခြင်းဖြင့် ၎င်းတို့ ထံ မိမိတို့ပေးသောအချက်အလက်များ ကို မသိမသာ မှတ်သားသွားကြသည်။ ထိုနောက် ၎င်းတို့ဆွေးနွေးချိန် နှင့် ဆုံးဖြတ်ချက်များချချိန်တွင် ၎င်းတို့ကို ထည့်သွင်းစဉ်းစားလေ့ရှိသည်ကို လွှတ်တော် ချန်နယ်(Hluttaw Channels) များတွင် လေ့လာခြင်းအားဖြင့် သိရှိနိုင်သည်။

၂) လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများထံ မိမိတို့ အကောင်အထည် ဖော်ထားသည်များကို အစီရင်ခံစာပေးပို့ခြင်းသည် မိမိတို့ မည်သည်များကို အကောင်အထည်ဖော် နေသည်ကို ခိုင်မာသော အချက်အလက်များဖြင့် အကျဉ်းချုပ်ပေးပို့ခြင်းဖြစ်သည်။ ထို့သို့ ပြုလုပ်ခြင်း အားဖြင့် ၎င်းတို့သည် အချက်အလက်များ လိုအပ်ပါက မိမိတို့အဖွဲ့အစည်းများ၏ အစီရင်ခံစာများကို အလွယ်တကူ လေ့လာနိုင်ခြင်းကြောင့် တရားဝင်အသိအမှတ်ပြုမှုကို ရရှိစေသည်။

၃) မြန်မာနိုင်ငံရှိ မသန်စွမ်းသူများနှင့် ဆက်စပ်ပတ်သက်မှုရှိသော ဥပဒေ၊ နည်းဥပဒေ များကို ဦးစားပေးအဆင့် သတ်မှတ်၍ အဖွဲ့လိုက် လေ့လာသုံးသပ်ဆန်းစစ်ခြင်း နှင့် အကြံပြုချက်၊ ပြင်ဆင်ဖြည့်စွက်ချက်များကို တင်ပြတောင်းဆိုခြင်းသည် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံသည့်အခါ အလွန်တရာ အသုံးဝင်သည်။ ထို့ကြောင့် မိမိတို့နှင့်သက်ဆိုင်သည့် ထိုဥပဒေများ၊နည်းဥပဒေများကို လေ့လာထားရန်လည်းလိုအပ်သည်။

၄) မသန်စွမ်းကိုယ်စားလှယ်များပါဝင်သော လေ့လာစောင့်ကြည့် ဆန်းစစ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ပါဝင်ပတ်သက်သောသူ (stakeholders) များ၏ တိုးတက်ဆောင်ရွက်မှုများကို ပုံမှန်လေ့လာစောင့်ကြည့်၍ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခြင်းသည်လည်း နည်းလမ်းများစွာအနက် တစ်ခုဖြစ်သည်။ ထိုသို့ လုပ်ဆောင်ပေးခြင်းအားဖြင့် မသန်စွမ်းအရေးရာများနှင့်ပတ်သက်လာလျှင် မည်သူများက မည်သို့ အလုပ်လုပ်နေသည်ကို သိရှိနိုင်ပြီး လိုအပ်သော လုပ်ငန်းစဉ်များကိုလည်း ချမှတ်နိုင်မည်ဖြစ်သည်။

၅) အရည်အချင်းပြည့်ဝသော မသန်စွမ်းသူများ လွှတ်တော် ကိုယ်စားလှယ်အဖြစ်ဝင်ရောက်နိုင်ရေး အတွက် မဟာဗျူဟာများချမှတ်ရေးဆွဲ လုပ်ဆောင်ခြင်း နှင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်း သည်လည်း အရေးကြီးလှသည်။ လွှတ်တော်များသည် မြန်မာနိုင်ငံ၌ တရားဝင် ဥပဒေပြုရေးအာဏာနှင့် အစိုးရအဖွဲ့တို့ကို အပြန်အလှန်ထိန်းကျောင်းနိုင်ရန်အတွက် အကောင်းဆုံး အဆောက်အအုံ (Institution) ဖြစ်သည်။ မသန်စွမ်းသူများ ဥပဒေပြုလွှတ်တော်တွင် ရောက်ရှိသွားပါက အစိုးရ စီမံကိန်းများ နှင့် ဘက်ဂျတ်ကိစ္စများတွင် မသန်စွမ်းတို့၏ အရေးကိစ္စများကိုပိုမို ထည့်ဝင်နိုင်စွမ်း ရှိလာမည်ဖြစ်သည်။

## ၃.၆.၁ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့က ဆောင်ရွက်ခဲ့သည့် နမူနာပုံစံ

မသန်စွမ်းသူအရေးကိစ္စများကို တစ်ဦးတည်းတောင်းဆို လှုပ်ရှားမှုထက် အစုအဖွဲ့လိုက်လှုပ်ရှားမှုသည် ပိုမိုထိရောက်သည်မှာ အငြင်းပွားဖွယ်ကိစ္စမဟုတ်ပေ။ ထို့ကြောင့် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့က ထုတ်ဝေထားသော အစိုးရသက်တမ်း ငါးနှစ် ( ၂၀၁၆ မှ ၂၀၂၁)အတွင်းမြန်မာနိုင်ငံ မသန်စွမ်းလူထုအတွက်ဦးစားပေးဆောင်ရွက်ပေးစေလိုသည့် မသန်စွမ်းအဖွဲ့အစည်းများ၏လိုလားချက်များ (ဘာသာနှစ်မျိုးဖြင့်ထုတ်ဝေသည်)သည် မသန်စွမ်း အဖွဲ့အစည်းကြီး ၁၅ ဖွဲ့ က စုပေါင်းတောင်းဆိုထားသော အလွန်တရာအားကောင်းသည့် တောင်းဆိုအဆိုပြုသည့်ပုံစံဖြစ်သည်။




အစိုးရသက်တမ်း ငါးနှစ် ( ၂၀၁၆ မှ ၂၀၂၁)အတွင်း
မြန်မာနိုင်ငံ မသန်စွမ်းလူထုအတွက် ဦးစားပေး
ဆောင်ရွက်ပေးစေလိုသည့် မသန်စွမ်း
အဖွဲ့အစည်းများ၏ တင်ပြတောင်းဆိုချက်
(၁၁)ချက်ပါ မူဝါဒရေးရာစာအုပ်

## နိဂုံး

မသန်စွမ်းအခွင့်အရေးများ အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာဤလမ်းညွှန်စာအုပ်သည်ရွေးကောက်ပွဲများ၊ အဖွဲ့အစည်းများနှင့်နိုင်ငံရေးနယ်ပယ်များတွင်ပါဝင်နိုင်ခွင့်တိုးတက်လာစေရန်လည်းကောင်း၊ မသန်စွမ်းအဖွဲ့အစည်းများအနေဖြင့်အစိုးရများ၊ အရပ်ဘက်လူမှုဆိုင်ရာ ပါဝင်ပတ်သက်သူများကိုမည်သို့ အရေးဆိုတင်ပြဆွေးနွေးရမည်ကိုလည်းကောင်း ဥပမာများဖြင့် တင်ပြပေးထားပါသည်။

ဤလမ်းညွှန်စာအုပ်ပါ အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ ချဉ်းကပ်နည်းများသည် 'AGENDA' ၏ အစိတ်အပိုင်းများဖြစ်သော မသန်စွမ်းအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲစနစ်များဆိုင်ရာ နိုင်ငံတကာဖောင်ဒေးရှင်း- "IFES" တို့၏ အတွေ့အကြုံများပေါ်တွင် အခြေခံထားပါသည်။ သင့်အနေဖြင့် အသိပညာပေးမှုဆိုင်ရာ သင့်ရည်မှန်းချက်ပန်းတိုင်အတွက် ဆောင်ရွက်နေချိန်တွင် မတူကွဲပြားသော နည်းဗျူဟာများသည် သင့်အဖွဲ့အစည်းအတွက် ပိုမို အောင်မြင်နိုင်သည်ကို တွေ့ရှိနိုင်ပါသည်။ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ ရရှိအောင်မြင်နိုင်ရန်အတွက် မသန်စွမ်းအဖွဲ့အစည်းများနှင့် မသန်စွမ်းအခွင့်အရေးအတွက် လုပ်ဆောင်နေကြသော ခေါင်းဆောင်များ အနေဖြင့် စိတ်ကူးဉာဏ်ကွန့်မြူးစွာ ဆန်းသစ်သော ဖြေရှင်းမှုနည်းလမ်းများကို ပျိုးထောင်ရှာဖွေကြရန် တိုက်တွန်းလိုပါသည်။

## မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ အရေးဆိုတင်ပြဆွေးနွေးခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ



မသန်စွမ်းလူငယ်များခေါင်းဆောင်မှု
မြှင့်တင်ရေးသင်တန်း




မသန်စွမ်းမှုအကျုံးဝင် အသိအမြင်ဖွင့်
သင်တန်း(ပြီတိသျှကောင်စီ)




မဲဆန္ဒရှင်အသိပညာပေးခြင်း
(ကော့မှုးမြို့နယ်)



မဲဆန္ဒရှင်အသိပညာပေးပိုစတာနှင့်
လက်ကမ်းစာစောင်ဖြန့် ဝေခြင်းဆိုင်ရာ
လှုပ်ရှားမှုကမ်ပိန်း




မသန်စွမ်းသူများအကျိုးဝင်ရွေးကောက်ပွဲ
ဆိုင်ရာ (YUSDIANA)
မီဒီယာဖိတ်ခေါ်ပြိုင်ပွဲ
(သတင်း၊ဆောင်းပါး၊ဓါတ်ပုံ)



ကယားပြည်နယ်လွှတ်တော်သို့ သွားရောက်၍
အစိုးရသက်တမ်း(၅)နှစ်အတွင်း ဆောင်ရွက်
ပေးစေလိုသည့် မသန်စွမ်းသူများ၏
တင်ပြတောင်းဆိုချက် (၁၁) ချက်ပါ စာအုပ်
အားမိတ်ဆက်တင်ပြဆွေးနွေးခြင်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ ဆုံခြင်း

မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲ
ဆိုင်ရာ ဖိုရမ်ကျင်းပခြင်း
(၂၀၁၇ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ)







အာဆီယံမသန်စွမ်းသူများအနုပညာပွဲတော်
ဆိုင်ရာစာနယ်ဇင်းရှင်းလင်းပွဲ (၂၀၁၄ခုနှစ်)




မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲ ဆိုင်ရာ တွစ်တာ ကမ်ပိန်းပြုလုပ်ခြင်း (၂၀၁၇ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ)



လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဒေါ် မြတ်မြတ်အုန်းခင်နှင့် တွေ့ ဆုံခြင်း




မသန်စွမ်းသူများအကျုံးဝင်အရေးဆို တင်ပြခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ



မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(ပြည်ထောင်စု လွှတ်တော်၊နေပြည်တော်)



မသန်စွမ်းသူများအကျိုးဝင်အရေးဆို တင်ပြခြင်းဆိုင်ရာ အဖွဲ့ လိုက်ဆွေးနွေးခြင်း (Focus Group Discussion)




မသန်စွမ်းသူများအကျိုးဝင်အရေးဆိုတင်ပြ ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

**နောက်ဆက်တွဲ(၁)**

## ဆက်သွယ်ချိတ်ဆက်မှု ပြုလုပ်နိုင်သည့်အဖွဲ့ အစည်းများ

အောက်ဖော်ပြပါ အချက်အလက်များသည် မသန်စွမ်းသူများအရေးကိစ္စကို ဦးတည်လုပ်ဆောင်နေသော မြန်မာနိုင်ငံ အတွင်းရှိ မသန်စွမ်းအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ ဆက်သွယ်နိုင်သည့် လိပ်စာများဖြစ်ပါသည်။ လိုအပ်သည့်အချက်အလက်နှင့် ချိတ်ဆက်မှုများအတွက်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် (MFPD)**

ဆက်သွယ်ရန် -
ဦးအောင်ကိုမြင့် (ဥက္ကဋ္ဌ)
ရုံးလိပ်စာ-
အစိုးရမျက်မမြင်ကျောင်းဝင်း
အမှတ် ၁၃၂၊ ပန်းပင်ကြီးလမ်း၊ စလင်းကွင်းအနီး၊
မကျီးတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၀၂၁၁၈
အီးမေးလ် - mfpdmyanmar.org@gmail.com, aungko1975@gmail.com

**မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့(MILI)**

ဆက်သွယ်ရန် -
ဒေါ်ယုယသူ (စီအီးအို)
ရုံးလိပ်စာ -
အမှတ်၁၇/၁၉၊ သာယာအေးလမ်း၊
(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၀၀ ၆၇၂၄၇၊ ၀၁ ၉၆၆၉၁၃၃
အီးမေးလ် - info@mili.org.mm, fuyuko2010@gmail.com

**မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(MPHA)**

ဆက်သွယ်ရန် -
ဦးမြတ်ဦး (ဥက္ကဋ္ဌ)
ရုံးလိပ်စာ -
အမှတ် ၆၅၊ ရွှေလောင်းလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၅၁၈၄၁၀
အီးမေးလ် - mpha2004@gmail.com, umyatoo.babyvita@gmail.com

**မြန်မာနိုင်ငံမျက်မမြင်များအသင်း (MNAB)**

ဆက်သွယ်ရန် -
ဒေါ်ခွန်နူး (အမှုဆောင်ညွှန်ကြားရေးမှူး)
ရုံးလိပ်စာ -
အမှတ် ၁၃၇၁၊ သာယာအေးလမ်းသွယ် (၁)၊ ဟိုက်ပတ်၊ တောင်သူကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။

ဖုန်း - ၀၉-၅၁၁၁၉၆၉၊ ၀၉-၃၆၄၁၀၆၇၁
အီးမေးလ် - mnabmyanmar@gmail.com, ms.kwainandashi@gmail.com

**မြန်မာနိုင်ငံ နားမကြားသူများဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDCDA)**
**ဆက်သွယ်ရန် -**
ဦးကျော်ကျော်(အမှုဆောင်ဒါရိုက်တာ)
ရုံးလိပ်စာ -
အမှတ်၉၅/E (မြေညီထပ်) သာယာအေးလမ်း၊ ၃-ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၇၃၂၄၉၆၅
အီးမေးလ် - kyaw2.ygn@gmail.com

**အနာဂတ်ကြယ်ပွင့်လေးများ ဉာဏ်ရည်မသန်စွမ်းကိုယ့်အားကိုယ်ကိုးအဖွဲ့ (Future Star)**
ဆက်သွယ်ရန် -
ဦးကောင်းထက်နိုင် (ဒု-ဥက္ကဌ)
ရုံးလိပ်စာ -
အမှတ် ၂၂ (ဘီ)၊ သီရိမင်္ဂလာ ၁၅-လမ်း၊ ဘိုကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၀၁၃၈၆၄၅
အီးမေးလ် - futurestars172@gmail.com

**ရွှေမင်းသား ဖောင်ဒေးရှင်း-မြန်မာ (SMTF-Myanmar)**
ဆက်သွယ်ရန် -
ဦးမြတ်သူဝင်း (ဥက္ကဌ)
ရုံးလိပ်စာ -
အမှတ် ၇၉၇ (ဘီ-၁၀၄)၊ မြန်မာ့အလှတာဝါ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊
လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၃၀၀၃၃၂
အီးမေးလ် - smtcoltd93@gmail.com

**မသန်စွမ်းသူများ ဘဝမြှင့်တင်ရေးအဖွဲ့ (DPDO-Myanmar)**
ဆက်သွယ်ရန် -
ဦးမင်းစိုး (ဆက်သွယ်ရေးတာဝန်ခံ)
ရုံးလိပ်စာ -
အမှတ် - တိုက် (အေ)၊ အခန်း ၆၂၂၊ မုဒိတာအိမ်ယာ (၁)၊ ဗဟိုလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅၂၆၈၉၅၃၈
အီးမေးလ် - dpdo2003@gmail.com, minsoe.ms@gmail.com

**မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ (MCFB)**
ဆက်သွယ်ရန် -
Rev. ဦးသိန်းလွင် (အထွေထွေအတွင်းရေးမှူး)
ရုံးလိပ်စာ -
အမှတ် - ၁၆၅၊ ဗဟိုလမ်း၊ ခဲပါခြံ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၆၂၀၃၄
အီးမေးလ် - mcfb.admin@gmail.com

**မြန်မာနိုင်ငံ အော်တစ်ဇင်အသင်း (MAA)**
ဆက်သွယ်ရန် -
ဦးနေထွန်း (အတွင်းရေးမှူး)
ရုံးလိပ်စာ -
အမှတ် - တိုက် (၄၉ (ပထမထပ်)၊ အသောကလမ်း၊ နတ်ချောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၀၀၁၂၂၀၃
အီးမေးလ် - myanmarautismassociation@autismmmyanmar.org, nayhtun093@gmail.com

**ဉာဏ်ရည်မသန်စွမ်းကလေးမိဘများကွန်ရက် (Family Support Network)**
ဆက်သွယ်ရန် -
ဦးမိုးဇင် (ဥက္ကဌ)
ရုံးလိပ်စာ -
တဆင့်/ ဦးမိုးဇင်အိမ်၊ ဦးကျော်ဒွန်းဖုံလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၀၅၁၂၄၁
အီးမေးလ် - nizeom@gmail.com

**ဒေင် မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ (ECDC)**
ဆက်သွယ်ရန် -
ဦးထာအုပ် (မန်နေးဂျင်း ဒါရိုက်တာ)
ရုံးလိပ်စာ -
အမှတ် - ၅၆၊ ဝါဦး ၄-လမ်း၊ ဖော့ကန်ရပ်ကွက်၊
အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၄၀၃၉၉၊ ၀၉-၄၅၁၂၈၀၀၁၆
အီးမေးလ် - htaukesang@gmail.com

**ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသားဟောင်းများအသင်း**
ဆက်သွယ်ရန် -
ဦးဇော်ထွေးဦး (ဥက္ကဌ)
ရုံးလိပ်စာ -
တစ်ဆင့်/ အစိုးရမျက်မမြင်ကျောင်းဝင်း

အမှတ် ၁၃၂၊ ပန်းပင်ကြီးလမ်း၊ စလင်းကွင်းအနီး၊
မကျီးတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၄၈၀၁၉၀၃၁

**စုပေါင်းအားမာန် မျက်မမြင်အလုပ်သမားများအဖွဲ့ (လှိုင်သာယာ)**
ဆက်သွယ်ရန် -
ဦးမျိုးအောင် (ဥက္ကဋ္ဌ)
ရုံးလိပ်စာ -
အမှတ် - ၁၁၈၄/က၊ သူရိယလမ်း၊ ၁၆-ရပ်ကွက်၊
လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၀၂၄၄၀၁၆

**အပြုံးကမ္ဘာ မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးအဖွဲ့(လှိုင်သာယာ)**
ဆက်သွယ်ရန် -
ဦးသန်းစိုးအောင် (ဥက္ကဋ္ဌ)
ရုံးလိပ်စာ-
အမှတ်- ၉-ရပ်ကွက်၊
လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၃၁၅၇၀၅၄၇

**လင်းရောင်ခြည် မသန်စွမ်းသူများကိုယ့်အားကိုယ်ကိုးအဖွဲ့(ရွှေပြည်သာ)**
ဆက်သွယ်ရန် -
ဦးဇော်မင်း (ဥက္ကဋ္ဌ)
ရုံးလိပ်စာ -
အမှတ် - ၈၇၁/က၊ မန္တလေးလမ်း၊ ၁၃-ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၉၇၉၉၇၂၂၉၁၇
အီးမေးလ် - zawminpwd@gmail.com

**ပြည့်စုံမသန်စွမ်းသူများ ကုန်ထုတ်သမဝါယမအသင်း(ရွှေပြည်သာ)**
ဆက်သွယ်ရန် -
ဦးထင်အောင်ဇော် (ဥက္ကဋ္ဌ)
ရုံးလိပ်စာ -
အမှတ်- ၇/၉၊ ဘုရင့်နောင်လမ်း ၊
ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၅၃၂၉၈

**အေးမေတ္တာစင်တာ (လှိုင်သာယာ)**
ဆက်သွယ်ရန် -
ဦးဌေးလွင် (တာဝန်ခံ)
ရုံးလိပ်စာ -
အမှတ် - ၄၉၃/က၊ အင်ကြင်းလမ်း၊ ၁၁-ရပ်ကွက်၊
လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁-၆၈၈၄၅၅
အီးမေးလ် - ayemyittacenter@gmail.com

**မှော်ဘီမြို့နယ် မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးအဖွဲ့**
ဆက်သွယ်ရန် -
ဦးအောင်သိုက်ဝင်း (တာဝန်ခံ)
ရုံးလိပ်စာ -
ဝါးနက်ချောင်းကျေးရွာ၊
မှော်ဘီမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၀၁၄၁၄၀၈

**မသန်စွမ်းဖွံ့ဖြိုးရေးရှေ့ဆောင်အဖွဲ့ (DDI)**
ဆက်သွယ်ရန် -
Sang Uk Cung (ဒါရိုက်တာ)
ရုံးလိပ်စာ -
အမှတ်- ၁၆၊ သဇင်ရပ်ကွက်၊
ကလေးမြို့ ၊စစ်ကိုင်းတိုင်းဒေသကြီး။
ဖုန်း - ၀၉-၄၄၂၀၀၁၀၁၁
အီးမေးလ် - sangukcung@googlemail.com

**အလင်းသစ် မသန်စွမ်းသူများအသင်း(မန္တလေး)**
ဆက်သွယ်ရန် -
ဒေါ်နွယ်နွယ်အောင် (ဥက္ကဋ္ဌ)
ရုံးလိပ်စာ -
အမှတ် - ၆၉ လမ်းနှင့် ၇၁ လမ်းကြား၊ ပြင်ဦးလွင်သံလမ်းအနီး၊ အမှတ် ၅-ရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။
ဖုန်း - ၀၉-၇၇၇၇၃၄၀၄၅

**Mandalay Deaf Society (မန္တလေး)**
ဆက်သွယ်ရန် -
ဒေါ်ရတနာအောင် (ဥက္ကဋ္ဌ)

ရုံးလိပ်စာ -
အမှတ် - ဏ-၈/၁၂၊ ဗေဒါလမ်း၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြား၊ မြို့သစ်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉-၄၄၄၀၃၃၉၈၅
အီးမေးလ် - yadana.deaf@gmail.com

**Morning Star Intellectual Disabled Group (တောင်ကြီး)**
ဆက်သွယ်ရန် -
ဒေါ်သန်းနွယ်အောင် (ဥက္ကဋ္ဌ)
ရုံးလိပ်စာ -
အမှတ် - ၂၂၃၊ မဟာသုခလမ်း၊ ကံရွှေ့ရပ်၊
တောင်ကြီးမြို့၊ရှမ်းပြည်နယ်။
ဖုန်း - ၀၉-၅၂၁၃၇၉၈
အီးမေးလ် - morningstars.tg@gmail.com

**ကြည့်မြင်တိုင်မျက်မမြင်ကျောင်း**
ဆက်သွယ်ရန် -
ဒေါ်စုစုမာ(ကျောင်းအုပ်)
ရုံးလိပ်စာ -
အမှတ် - ၁၃၂၊ ပန်းပင်ကြီးလမ်း၊ မကျီးတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၃၈၃၀၉

**မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)**
ဆက်သွယ်ရန် -
ဒေါ်ရီမာတင်( ကျောင်းအုပ်)
ရုံးလိပ်စာ-
အမှတ် - ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၇၅၃၂၃

**မသန်စွမ်းသက်ကြီးသင်တန်းကျောင်း**
ဆက်သွယ်ရန် -
ဒေါ်ညွန့်ညွန့်ဝင်း(ကျောင်းအုပ်)
ရုံးလိပ်စာ -
အမှတ် - ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉-၉၇၆၀၁၇၉၆၄

**မန္တလေးနားမကြားသောကလေးများကျောင်း**
ဆက်သွယ်ရန် -
ဒေါ်အေးအေးဝင်း (ကျောင်းအုပ်)
ရုံးလိပ်စာ-
အမှတ် -၈၅၈၊စစ်ကိုင်းလမ်းခွဲ၊ချမ်းမြသာစည်(တောင်)ရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။
ဖုန်း - ၀၂-၃၄၆၁၇၊ ၀၂-၃၀၀၄၃၊၀၉-၄၄၈၅၃၄၇၉၇

**ရန်ကုန်နားမကြားသောကလေးများကျောင်း**
ဆက်သွယ်ရန်-
ဒေါ်မြသီတာ(ကျောင်းအုပ်)
ရုံးလိပ်စာ -
အမှတ် - ၃၄(FG)၊ အိုးစု(၃)လမ်း၊မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၀၁-၅၄၈၈၇၂

**မေရီချက်(ပ်)မန်း နားမကြားသောကလေးများကျောင်း**
ဆက်သွယ်ရန် -
ဒေါ်ညွန့်ညွန့်သိန်း၊ကျောင်းအုပ်ကြီး
ရုံးလိပ်စာ -
အမှတ် - ၂၊ သံတမန်လမ်း၊
ဒဂုံမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၂၁၈၇၂
အီးမေးလ် - marychapman1920@gmail

**မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(မန္တ လေး)**
ဆက်သွယ်ရန် -
ဒေါ်ဂျေဆင်သား(ကျောင်းအုပ်)
ရုံးလိပ်စာ -
၂၆ ဘီလမ်း၊၅၉-၆၀ လမ်းကြား၊ရေစစ်ကန်အနီး
ချမ်းအေးသာစံမြို့ နယ်၊မန္တ လေးမြို့ ။
ဖုန်း - ၀၉၇၁၄၂၅၁၇၂

**စစ်ကိုင်းမျက်မမြင်ကျောင်း**
ဆက်သွယ်ရန် -
ဦးဒိုင်ဒိုဒါးလ်(ကျောင်းအုပ်)
ရုံးလိပ်စာ -
အမှတ် - ၆/၂၈၊မရှိခဏဘုရားအနောက်ဘက်၊ကားကြီးဝင်းမြောက်ဘက်
မြို့ သစ်ရပ်ကွက်၊စစ်ကိုင်းမြို့ ။
ဖုန်း - ၀၇၂-၂၂၂၃၇

**မြန်မာနိုင်ငံမသန်စွမ်းအမျိုးသမီးများအသင်း (AMDWA-Association of Myanmar Disabled Women's Affairs)**

ဆက်သွယ်ရန် -
ဒေါ်ငယ်ငယ်အေးမောင်(ဥက္ကဋ္ဌ)
ရုံးလိပ်စာ-
အမှတ်၂၃၄၊အခန်း(၂)၊လေးလုံးတန်း၊ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉၅၄၀၃၄၇၀
အီးမေး(လ်) – ngenge44@gmail.com, amdwa.pwdo@gmail.com

**နောက်ဆက်တွဲ(၂)**

## မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ၏အရေးဆိုတင်ပြမှုဆိုင်ရာအတွေ့ အကြုံများ

***<u>မသန်စွမ်းသူများ နိုင်ငံရေးနှင့်ပြည်သူ့ ဘဝနယ်ပယ်များတွင်ပါဝင်ဆောင်ရွက်ခြင်း</u>***

မသန်စွမ်းသူများ၏ နိုင်ငံရေးနှင့်ပြည်သူ့ဘဝနယ်ပယ်များတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ခြင်းမှာ လွန်စွာအရေးပါလှပါသည်။ ထိုမှတစ်ဆင့် နိုင်ငံ၏အရေးပါသောဆုံးဖြတ်ချက်များတွင် မိမိတို့ ၏ စုပေါင်းအသံများပါဝင်လာပြီး မိမိတို့အရေးကိစ္စကို ကိုယ်တိုင်(သို့) ကိုယ်စား အရေးဆိုတင်ပြမည့် ပုဂ္ဂိုလ်များ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိမသန်စွမ်းအဖွဲ့အစည်းများအနေဖြင့် ၂၀၁၂ခုနှစ်မှစတင်ကာ ရွေးကောက်ပွဲဖြစ်စဉ်များတွင် မိမိတို့ပါဝင်မှုအတွက်စတင် အရေးဆို ပူးပေါင်းလာခဲ့ကြသည်။ အစောပိုင်း ကာလများတွင် သနားကရုဏာအမြင်ဖြင့် ရှုမြင်နေခြင်းသာအသားကျနေသည်ဖြစ်သည့်အတွက် မသန်စွမ်းသူတို့မဲပေးခြင်းသည် ထိုလောက်အရေးမကြီး၊ကြိုတင်မဲပေးနိုင်ရန်စီစဉ်ပေးခြင်းသည် ၎င်းတို့အတွက် အစွမ်းကုန်ဆောင်ရွက်ပေးမှုဖြစ်သည်ဟုသာ နားလည်ကြသည်။ မသန်စွမ်းသူတို့၏ကိုယ်တိုင် ရွေးကောက်ခံပိုင်ခွင့်နှင့်ကိုယ်တိုင်ကိုယ်ကျ လျှို့ဝှက်စွာဆန္ဒမဲပေးနိုင်မှုတို့၏ တန်ဖိုးနှင့်အရေးပါပုံကိုသတိမမူမိကြပေ။ ထိုသို့ အားဖြင့် အရေးဆိုတင်ပြဆွေးနွေးခြင်း အစောပိုင်းကာလဖြစ်သော ၂၀၁၂ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း မသန်စွမ်းသူခေါင်းဆောင်များသည် ရွေးကောက်ပွဲဖြစ်စဉ်များတွင် ဆက်စပ်ပတ်သက်နေသူများကို ဖြည်းဖြည်းနှင့်မှန်မှန် အရေးဆိုတင်ပြခြင်းဆိုင်ရာနည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလာခဲ့ရာ ၂၀၁၄ခုနှစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာလုပ်ငန်းစဉ်၅နှစ် (၂၀၁၄-၁၈) စီမံကိန်း ရေးဆွဲခြင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲစာရင်းပြုစုခြင်းလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူနိုင်ငံသားများအတွက် ထည့်သွင်း၍ ပါဝင်စေခဲ့ပါသည်။ ထိုအရေးဆိုတင်ပြမှု၏ အောင်မြင်မှုအသီးအပွင့်အနေဖြင့် ၂၀၁၅ခုနှစ် မြန်မာနိုင်ငံအထွေထွေရွေးကောက်ပွဲတွင် မသန်စွမ်းမှုအမျိုးအစား (၄)မျိုးလုံး အတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်ထားသော မသန်စွမ်းသူများအကျုံးဝင်စံပြမဲရုံ (၁၈) ရုံကို စတင်အကောင်အထည်ဖော်ခဲ့ပြီး မြန်မာနိုင်ငံ၏ရွေးကောက်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် အမြင်အာရုံမသန်စွမ်းသူမဲဆန္ဒရှင်များအတွက် အကူလူမပါပဲ **၎င်း**တို့၏မျက်မမြင်လက်စမ်းစာဖြင့် ဆန္ဒမဲပေးနိုင်မည့်အကူ Template (ပုံစံငယ်) တစ်ခုကို တီထွင်ခဲ့ပြီး စံပြမဲရုံ(၁၈)ရုံအနက် (၉)ရုံတွင်ထိုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ပြည်ထောင်စုအဆင့်တွင်သာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းခဲ့ပြီး လက်တွေ့ဆောင်ရွက်ရမည့်မြေပြင်အဆင့်တွင် အားနည်းခဲ့ရာ စံပြမဲရုံများဖော်ဆောင်ခြင်းနှင့် အခြားပူးပေါင်းဆောင်ရွက်မှုများတွင် အပြည့်အဝအောင်မြင်မှုမရရှိခဲ့ပေ။ ၂၀၁၇ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်မူ အဆိုပါအားနည်းချက်များကိုပြုပြင်ပြီးဆက်လက်၍ အရေးဆို တင်ပြဆွေးနွေးခြင်းများပြုလုပ်ခဲ့ရာ မျက်မမြင်လက်စမ်းစာပုံစံငယ်အား အဆင့်မြှင့်ခဲ့ပြီး စံပြမဲရုံ (၁၀) ရုံ ဖော်ဆောင်နိုင်ခဲ့သည်။ ထို့အပြင်မသန်စွမ်းသူများကိုစောင့်ကြည့်လေ့လာခြင်းဖြစ်စဉ်များတွင် ပါဝင်နိုင်ရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဖိတ်ခေါ်သည့်အပြင် မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှလည်း ကနဦး အကောင်အထည်ဖော်ခဲ့သည်။ ယခု ၂၀၁၇ကြားဖြတ်ရွေးကောက်ပွဲတွင် မသန်စွမ်းသူများ အခြားနိုင်ငံသားများနည်းတူ လွတ်လပ်၍

တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်လာစေရန် စောင့်ကြည့်လေ့လာသူများအဖြစ်ပါဝင် ဆောင်ရွက်ခဲ့ကြသည်။ ရွေးကောက်ပွဲနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် မသန်စွမ်းသူများပါဝင်နိုင်အောင် အရေးဆိုတင်ပြခြင်းခရီးရှည်ကြီးမှာ လမ်းခုလတ်သို့ရောက်ရှိနေပြီဖြစ်၍ ဆက်လက် လျှောက်လှမ်းရပေမည်။

"မျက်မမြင်တွေနဲ့ပတ်သက်ပြီး ရွေးကောက်ပွဲမဲပေးတာက တကယ့်ကို စံချိန်တင်လောက်ပါတယ်။UEC ကနေပြီးမျက်မမြင်နဲ့ မသန်စွမ်းတွေရဲ့အခွင့်အရေးဥပဒေကို အခွင့်အရေးပေးခဲ့တယ်လို့မြင်ပါတယ်။ မျက်မမြင်များကိုယ်တိုင် သူတို့ရဲ့လက်စမ်းစူးဖောက်စာနဲ့မဲပေးတာကို လေ့လာတွေ့ရှိမိတာ အားရစရာကောင်းလှပါတယ်။ မဲပေးတဲ့စာရွက်ကို မျက်မမြင်တွေရေးတဲ့လက်စမ်းစူးဖောက်စာအဖြစ် ပြောင်းလဲပေးတာဟာ အချိန်ယူပြီး ပြင်ဆင်ကြရတဲ့အရာပါ။ အဲဒါတွေကို မှုံရွာကပေးထားတာမြင်တော့ မျက်မမြင်တွေအတွက် အားရပါတယ်။ အချို့ နိုင်ငံတွေမှာတောင် မျက်မမြင်တွေမဲပေးနိုင်ဖို့အတွက် အခုထက်ထိ ခက်ခဲနေတုန်းဆိုတာတွေ့နေရပါတယ်" Ms;Corazon Ignacio, international observer from Anfrel Foundation

## ***<u>မသန်စွမ်းသူများ၏တန်းတူပညာသင်ကြားခွင့်</u>***

၂၀၁၀ လူမှုဝန်ထမ်းစစ်တမ်းအရ မသန်စွမ်းကလေးငယ် ၅၃ရာခိုင်နှုန်းသည် အခြေခံမူလတန်း ပညာရေးကို သင်ယူခွင့် ဆုံးရှုံးနေကြောင်းဖော်ပြထားပါသည်။ လက်တွေ့မှာလည်းမသန်စွမ်းသူ ကလေးငယ်များ၏ ပညာသင်ယူခွင့်သည် နည်းပေါင်းစုံဖြင့်ဆုံးရှုံးနေပါသည်။ မသန်စွမ်းသူကလေးငယ်များသည် ပင်မကျောင်းများတွင် ပညာသင်ကြားခွင့်ရခြင်းဖြင့် ငယ်စဉ်ကတည်းက သန်စွမ်းသူများနှင့် တစ်သားတည်း ပညာသင်ကြားခွင့်ရရှိလာပြီး **၎င်း**တို့အပေါ်ထားရှိသော သဘောထားအမြင်များနှင့် ရှုမြင်ပုံများမှာ ပြောင်းလဲလာပြီး မိမိတို့ဘဝရပ်တည်ရေးအတွက် အဆိုပါ ကနဦးပင်မကျောင်းများမှ အစပျိုး ရရှိလာမည်ဖြစ်သည်။ သို့ဖြစ်၍ မသန်စွမ်းသူခေါင်းဆောင်များက မသန်စွမ်းကလေးများ တန်းတူ ပညာသင်ခွင့်ရရှိရေးအတွက်ကျောင်းဆရာ/ဆရာမများကို ချဉ်းကပ်တင်ပြညှိနှိုင်းဆွေးနွေးခြင်း နှင့်တပြိုင်တည်း မှာပင်မူဝါဒချမှတ်သူများထံ အရေးဆိုတင်ပြခြင်းနှင့် ပြည်သူလူထု အသိပညာပေးခြင်း ကမ်ပိန်းများကို စိုက်လိုက်မတ်တတ်လုပ်ဆောင်ခဲ့ရာ မသန်စွမ်းကလေးငယ်များ၏ ကျောင်းနေခွင့်တားမြစ်ခံရသည့် ကိစ္စများ လျော့ပါးလာခဲ့ပြီဖြစ်သည်။ ယခု၂၀၁၇နှစ် ကျောင်းအပ်ရာသီတွင်လည်း မြို့နယ်/ကျေးရွာအသီးသီးက မသန်စွမ်းကလေးသူငယ်များ၏ ကျောင်းအပ်နှံခွင့်ရရှိရေး လှုပ်ရှားဆောင်ရွက်မှုများကို ခပ်စိပ်စိပ် ကြားနေရပြီဖြစ်သည်။

***မသန်စွမ်းသူနှင့်အနုပညာ***

အနုပညာကိုချစ်မြတ်နိုးစိတ်၊တိမ်းညွတ်ကြည်နူးသောစိတ်မှာ လူတိုင်းကိုယ်စီ ရှိကြပါသည်။ လူသားထဲက လူသားဖြစ်ကြသော မသန်စွမ်းသူတွေမှာလည်း အနုပညာကိုချစ်မြတ်နိုးစိတ်၊ တီထွင်ဖန်တီးလိုစိတ် ပြင်းပြစွာရှိကြပါသည်။ထို့ကြောင့် မသန်စွမ်းသူများ၏ အနုပညာ စွမ်းပကားများကို ဖော်ထုတ်ခွင့်နဲ့ပြည်သူက လက်ခံအားပေးလာနိုင်ရန် လုပ်ဆောင်ချက်တစ်ရပ်အနေဖြင့် ၂၀၁၃ခုနှစ်က စတင်ပြီး ပြည်တွင်းအဆင့် မသန်စွမ်းသူများအနုပညာပွဲတော်ကျင်းပရန်ကြိုးစားအားထုတ်ခဲ့ပါသည်။နိုင်ငံအတွင်းတွင်ရှိသော မသန်စွမ်းသူအနုပညာရှက်ပုန်းသီးများကိုရှာဖွေခြင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ပံ့ပိုးကူညီမှုနှင့်အတူ ပထမဦးဆုံးအကြိမ် ကျင်းပနိုင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံဉက္ကဋ္ဌရာထူးကိုတာဝန်ယူဆောင်ရွက်နေသည့် အချိန်အခါကောင်းနှင့် တိုက်ဆိုင်နေသဖြင့် အာဆီယံနိုင်ငံများက မသန်စွမ်းအနုပညာရှင်များကို ဖိတ်ခေါ်ခဲ့သည်။

ပြည်တွင်းမှအနုပညာရှင်အတတ်ပညာရှင်များနှင့် မသန်စွမ်းအနုပညာရှင်များ၏ စုပေါင်းအင်အားများ၊ အလှူရှင်စီးပွားရေးလုပ်ငန်းရှင်များ၏ပံ့ပိုးပေးမှုဖြင့် အာဆီယံမသန်စွမ်းသူများ အနုပညာ ပွဲတော်ကြီးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ အဆိုပါနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဘီးတပ်ကုလားထိုင်အသုံးပြုသူမသန်စွမ်းအနုပညာရှင်များနှင့်ဖွဲ့စည်းထားသည့် ဝိုးချဲကလပ်ကို စတင်ဖွဲ့ စည်းပြီး ပါဝင်ဖျော်ဖြေခဲ့ပါသည်။ ပြည်သူလူထုက မသန်စွမ်းသူ အနုပညာရှင်များ၏စွမ်းပကားကို စတင်အသိအမှတ်ပြုလက်ခံအားပေးလာခဲ့ပြီဖြစ်ရာ မသန်စွမ်းသူ အနုပညာရှင်တို့ ၏တောင်းဆိုမှုနှင့်အတူ ၂၀၁၅ခုနှစ်နှင့်၂၀၁၆ခုနှစ်များတွင်လည်း ပြည်တွင်းအဆင့် မသန်စွမ်းသူများအနုပညာပွဲတော်များကို နှစ်စဉ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။ ထို့အပြင် ၂၀၁၄ခုနှစ်က စတင်သန္ဓေတည်ခဲ့သော မြန်မာနိုင်ငံ၏ပထမဆုံးဝိုးချဲ ကလပ်မှာလည်း ပြည်သူလူထု၏ အားပေးမှု အတိုင်းအတာတစ်ခုအထိ ရရှိခဲ့ပြီးဖြစ်ကာ မသန်စွမ်းအသင်း အဖွဲ့ များနှင့်အရပ်ဘက်လူမှုအဖွဲ့ အစည်းများက ဖိတ်ခေါ်မှုများဖြင့် အတန်ငယ် ခရီးပေါက်နေပြီဖြစ်ပါသည်။

"သူတို့တွေရဲ့စွမ်းအစတွေက အခြားအနုပညာရှင်တွေနဲ့တန်းတူနီးပါးရှိတယ်လို့အမထင်တယ်"

(ကြည့်ရှုသူ ပရိတ်သတ်)

"တကယ်တမ်းပြောရမယ်ဆိုရင် ဒီလောက်ကြီးတော်မယ်လို့တောင်မှမထင်မိပါဘူး။ အခုဆို၂နှစ်ရှိပါပြီ။ ၂နှစ်လုံးပြသတဲ့အနုပညာစွမ်းရည်တွေက တကယ်သန်စွမ်းတဲ့အနုပညာရှင်တွေနဲ့ တန်းတူပြသနိုင်ပါတယ်"

(မသန်စွမ်းသူပရိတ်သတ်တစ်ဦး)

"သူတို့ရဲ့ကိုယ်ပိုင်စွမ်းအားနဲ့ Public awareness ရအောင်သူတို့ကိုယ်တိုင်ဒီပုံရိပ်တွေကို ဖန်တီးတည် ဆောက်ခဲ့တယ်။ အဲ့ဒီအတွက်ကြောင့် လွန်ခဲ့တဲ့သုံးနှစ်နဲ့အခုချိန်မှာဆိုရင် များစွာသော တိုးတက် ပြောင်းလဲမှုတွေကို အမတို့တွေ့ရတယ်။မသန်စွမ်းသူတွေမဲပေးခွင့်ရှိတယ်။လုပ်ငန်းတွေမှာ မသန်စွမ်းသူတွေ အလုပ်အကိုင်တွေလုပ်နေပြီ ဥပမာ ဆူးလေရှန်ဂရီလာဟော်တယ်မှာ နားမကြားသူ မသန်စွမ်းတွေ အလုပ်လုပ်နေတာတွေ့တယ် အမအရမ်းဂမ်းသာတယ်။ကလေးတွေပါဝင်လာပြီ။ သူတို့ကြိုးစားတည်

ဆောက်ခဲ့တဲ့သူတို့ရဲ့ effort သူတို့ရဲ့ achievementပဲ။ အမတို့ပြည်သူတွေဟာ သူတို့တွေကို သာမန်မဟုတ်တဲ့သူတွေ ငါတို့တွေနဲ့မတူတဲ့သူတွေလို့ မမြင်ကြဘဲ ငါတို့ တွေနဲ့ Ability မတူကြတဲ့လူတွေလို့ မြင်ပေးမယ်ဆိုရင် ကမ္ဘာကြီးဟာသိပ်လှသွားမယ်"

(အဆိုတော်၊ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင် ချစ်သုဝေ)

"တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့ Diffferent ဖြစ်တဲ့ကွာခြားတာကို ကျွန်တော်တို့တိုင်းပြည်မှာ အထူးအဆန်းဖြစ်နေတာပါ။ နိုင်ငံတကာမှာ ဒီလို မသန်စွမ်းအနုပညာရှင်တွေ၊မျက်မမြင်တဲ့ဂစ်တာသမား တွေ အဆိုတော်တွေ ကမ္ဘာကျော်တွေ အများကြီး ကျွန်တော်တို့ ကိုယ်တိုင်လည်းကြိုက်တယ် တစ်ပြည်လုံး တစ်ကမ္ဘာလုံးကလည်းဝိုင်းကြိုက်ကြတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်းမသန်စွမ်းတဲ့အနုပညာရှင် တွေကို တိုင်းပြည်ကတန်းတူလက်ခံလာအောင် လုပ်ချင်တယ်"

(နိုင်ငံကျော်အဆိုတော် ဇော်ဝင်းထွဋ် )

**အကိုးအကား ရည်ညွှန်းချက်များ**


(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)

(၂) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ (၂၀၁၂)

(၃) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၄- ၂၀၁၈)

(၄) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဆိုက် www.uec.gov.mm, www.uecmyanmar.org

(၅) မြန်မာနိုင်ငံမသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ (၂၀၁၅)

(၆) မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ရွေးကောက်ပွဲဆိုင်ရာ စီမံကိန်း အစီရင်ခံစာများ (၂၀၁၂-၂၀၁၇)

(၇) ၂.၄.၂၀၁၇ရက်နေ့ ထုတ် မြန်မာ့အလင်းသတင်းစာ

(၈) ကမ္ဘာ့ လူ့ အခွင့်အရေးကြေညာစာတမ်း (၁၉၄၈)

(၉) နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်

(၁၁) မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(၂၀၀၆)

(၁၂) မသန်စွမ်းမှုဆိုင်ရာ ကမ္ဘာ့အစီရင်ခံစာ(၂၀၁၁)

(၁၃) အာဆီယံဆယ်စုနှစ်လုပ်ငန်းစဉ်များ (၂၀၁၁-၂၀၂၀)

(၁၄) ဘာလီကြေညာချက် (၂၀၁၁)

(၁၅) လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း(၂၀၁၄)

(၁၆) မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲများဆိုင်ရာ မူဝါဒလမ်းညွှန်စာအုပ်

(၁၇) အစိုးရသက်တမ်းငါးနှစ်အတွင်း (၂၀၁၆-၂၁)အတွင်း မြန်မာနိုင်ငံမသန်စွမ်းလူထုအတွက် ဦးစားပေးဆောင်ရွက်စေလိုသည့် မသန်စွမ်းအဖွဲ့အစည်းများ၏ လိုလားချက်များ

(၁၈) မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ မိုဘိုင်းနည်းပညာများက သုံးစွဲနေမှုစစ်တမ်း (၂၀၁၆)

(၁၉) အခြေခံ မသန်စွမ်းမှုစာရင်း ကောက်ယူမှု စာတမ်း ၂၀၀၈-၂၀၀၉